ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့ (22-2-2009) (၅၉၆၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်အရှေ့မြောက်ထောင့်ရှိ မဟာပါသာဒဘူမိ ဂန္ဓကုဋိကျောင်းဆောင်တော်အတွင်း ကိန်းဝပ်စံပယ် အပူဇော်ခံတော်မူမည့် မဟာဆုတောင်းပြည့်ဘုရားကြီးနှင့် ဥပ္ပါတသန္တိစေတီတော်အထွတ်၌ တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ပင့်ဆောင်ခြင်း၊ မဟာတံခွန်တိုင်တော်ဖွင့်လှစ်ခြင်းနှင့် ဗုဒ္ဓဝေယျာဝစ္စကုသိုလ်တော် ရေစက်ချ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

နေပြည်တော် ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရင်ပြင်တော် အရှေ့မြောက်ထောင့်ရှိ မဟာပါသာဒဘူမိ ဂန္ဓကုဋိကျောင်းဆောင်တော်အတွင်း၌ ကိန်းဝပ်စံပယ် အပူဇော်ခံတော်မူမည့် မဟာဆုတောင်းပြည့်ဘုရားကြီးနှင့် ဥပ္ပါတသန္တိစေတီတော်အထွတ်၌ တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ပင့်ဆောင်ခြင်း၊ မဟာတံခွန်တိုင်တော်ဖွင့်လှစ်ခြင်းနှင့် ဗုဒ္ဓဝေယျာဝစ္စကုသိုလ်တော် ရေစက်ချမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၌ ကျင်းပသည်။

အဆိုပါ မင်္ဂလာအခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေး ဩဝါဒါစရိယဆရာတော်ကြီးများ ဖြစ်တော်မူကြသည့် နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော်တပ်ကုန်း ငွေတောင်တောရကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသိရီတို့ အမှူးပြုတော်မူသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ - အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စေတီတော်တည်ဆောက်ရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ အလှူရှင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

မင်္ဂလာအခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ သဒ္ဓမ္မဇောတိကဓဇ ဦးသူရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ မဟာဆုတောင်းပြည့်ဘုရားကြီး၊ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ခေတ္တကိန်းဝပ်စံပယ်ရာနေရာတွင် အစီအစဉ်အရ အခမ်းအနားမှူးက မဟာဆုတောင်းပြည့်ဘုရားကြီး၊ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ပင့်ဆောင်ပေးရန် ရဋ္ဌ ယာစနကထာကို ဖတ်ကြားသည်။

ယင်းနောက် မဟာဆုတောင်းပြည့်ဘုရားကြီးအား အောင်အိုးကိုင် ဥပါသကာများ၊ ထီးဖြူတော်များ ဆောင်းမိုးပူဇော်ကြသည့် သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါများ ခြံရံလျက် ကရဝိက်ဖောင်တော်ယာဉ်ဖြင့် လည်းကောင်း၊ ရတနာစိန်ဖူးတော်နှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ***

ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ မဟာဆုတောင်းပြည့် ဘုရားကြီးအား ဂန္ဓကုဋိကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓါသနပလ္လင်တော်ဌာနသို့ ပင့်ဆောင်ကြစဉ်။ (သတင်းစဉ်)

ယနေ့ ကြေးမုံ ပြည်တွင်းသတင်းအညွှန်း

တိရစ္ဆာန်မွေးမြူရေးချသူများအတွက် အရောင်းဆိုင်များနှင့် ပြပွဲ ပြိုင်ပွဲ အခမ်းအနားများ ဖွင့်လှစ်

စာမျက်နှာ ၃

ကချင်ပြည်နယ် ပူတာအိုမြို့ မလိခမြစ်ကူးကောင်းမှုလုံဂျစ်ကားကူး ကြိုးတံတား တည်ဆောက်နေ

စာမျက်နှာ ၅

ဧရာဝတီတိုင်းလပွတ္တာနှင့်ဘိုကလေးမြို့နယ်အတွင်း လမ်း၊ တံတားများ၊ မုန်တိုင်းဒဏ်ခံ အဆောက်အအုံများ တည်ဆောက်နေ

စာမျက်နှာ ၁၀

ကြေးမုံ The Mirror
၂၂-၂-၂၀၀၉
(တနင်္ဂနွေနေ့)

ကျေးလက်ဒေသဖွံ့ဖြိုးရေး တိုးမြှင့်ဖော်ဆောင် ကျေးရွာများ သန့်ရှင်းသောသောက်သုံးရေ ရရှိသုံးစွဲနိုင်

နိုင်ငံတော်အစိုးရက လူဦးရေအများဆုံးနေထိုင်သည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးလာစေရန် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး လိုအပ်ချက်များကို ဖြည့်ဆည်းရင်း အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ပေးနေသည်။ ဒေသအလိုက် လမ်းပန်းဆက်သွယ်မှု ချောမွေ့ ကောင်းမွန်လာပြီး ကျေးလက်နှင့်မြို့ပြဒေသများ ဆက်စပ်ဖွံ့ဖြိုးလာလျက်ရှိသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် ချမှတ်ဖော်ဆောင်လျက်ရှိရာတွင် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးသည် အဓိက လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ပါဝင်သည်။ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး (၁၀)နှစ်စီမံကိန်းကို ၂၀၀၀-၂၀၀၁ ခုနှစ်မှ ၂၀၀၉-၂၀၁၀ ခုနှစ်အထိ သတ်မှတ်အကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာနိုင်ငံ အလယ်ပိုင်းရှိ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့သည် အပူပိုင်းဒေသ မိုးနည်းရေရှား ရပ်ဝန်းများဖြစ်ရာ သောက်သုံးရေအတွက် ယခင်ကာလများက အခက်အခဲများစွာ ကြုံတွေ့ခဲ့ကြရသည်။ အဆိုပါဒေသများ၌ ရေခက်ခဲသောကျေးရွာ၊ ရေမလုံလောက်သော ကျေးရွာနှင့် သန့်ရှင်းသော သောက်သုံးရေ မရှိသော ကျေးရွာ ၈၀၄၂ ရွာနှင့် အခြားသော ပြည်နယ်နှင့်တိုင်းများတွင်လည်း ရေရှားပါးသောကျေးရွာ ၁၅၁၈၃ ရွာ ရှိခဲ့ကြောင်း သိရသည်။

ယခုအခါ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိရာ အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာ ၈၀၃၉ ရွာနှင့် အခြားသော ပြည်နယ်နှင့်တိုင်းများရှိ ကျေးရွာပေါင်း ၁၃၆၂၆ ရွာတို့ရှိ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိ သုံးစွဲနေကြပြီဖြစ်သည်။

ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိသုံးစွဲနိုင်ရေး ဖြည့်ဆည်းပေးခြင်းသည် မွန်မြတ်သော အလှူဒါနပြုခြင်းဖြစ်ရာ နိုင်ငံတော်အစိုးရနှင့်အတူ စေတနာရှင်ပြည်သူများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ လူမှုရေးအသင်း အဖွဲ့များကပါ ငွေကြေးသဒ္ဓါတရား ထက်သန်စွာ ထည့်ဝင်ပြီး ပူးပေါင်းကူညီလျက်ရှိသည်။

ရေရှားပါးခက်ခဲသော ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေ ရရှိသုံးစွဲလာနိုင်ခြင်းသည် ဒေသခံပြည်သူများအား ရောဂါဘယနှင့် လူမှုရေးဒုက္ခများမှ ကင်းဝေးစေမည့်အပြင် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အကျိုးပြုနိုင်မည်ဖြစ်သည်။ နိုင်ငံတော်၏ စေတနာ၊ ပြည်သူများ၏ ထက်သန်သော သဒ္ဓါတရား အမွန်အမြတ်ထား၍ ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများကို တိုးမြှင့်ကြိုးပမ်း ဆောင်ရွက်ကြခြင်းဖြင့် မြို့နယ်လုံးကျွတ်၊ တိုင်းလုံးကျွတ် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိသည့် ကျေးရွာများ တိုးတက်ပေါ်ထွက်လာမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ မြန်မာ့ရိုးရာတပို့တွဲလ ထမနဲထိုးပြိုင်ပွဲတက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် (၃၇)ကြိမ်မြောက် မြန်မာ့ရိုးရာတပို့တွဲလ ထမနဲထိုးပွဲပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၅ နာရီတွင် နန်းမြို့တွင်းရှိ ဘောလုံးအားကစားပြိုင်ကွင်း၌ ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်အားပေးပြီး ဆုများချီးမြှင့်သည်။

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း မြို့နယ်ပေါင်းစုံ မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့ ဗထူးမိုးလုံလေလုံ အားကစားခန်းမ၌ကျင်းပရာ ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းက မြန်မာ့ရိုးရာခြင်းလုံးခတ်၍ သရုပ်ပြကစားကြပြီး တိုင်းမှူးနှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (လယ်/ဆည်)

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း စိုက်ပျိုးရေးမန်နေဂျာနှင့် ခရိုင်မန်နေဂျာများက အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးကြပြီး ဝန်ကြီးကနိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း စုံညီအစည်းအဝေးတွင် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာနန်းထွမ်းလှ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (သတင်းစဉ်)

လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)၏ သြဝါဒါစရိယ ဆရာတော်၊အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၇၇)၏ ပဓာနနာယက (ပြည်တွင်း ပြည်ပ သာသနာပြု) ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယအား အမှူးထား၍လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မတ် ၁ ရက် (တနင်္ဂနွေ) နေ့ မွန်းလွဲ ၁ နာရီတွင် ယင်းကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ယင်းအခမ်းအနားတွင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ အောင်ဆန်းဆရာတော်အား ထပ်ဆင့်ဂုဏာဝိသိဋ္ဌပူဇာသဘင် ကျင်းပမည်ဖြစ်ပြီး ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများသည် ဖေဖော်ဝါရီ ၂၂ ရက် နောက်ဆုံးထား၍ အသင်းဥက္ကဋ္ဌ ဦးခင်ချို၊ ဖုန်း-၆၆၃၉၁၁၊ ဒု-ဥက္ကဋ္ဌ ဦးတင်စိုး ဖုန်း-၅၂၆၀၀၆၊အတွင်းရေးမှူး ဦးမောင်မောင်သွင် ဖုန်း-၅၁၃၄၃၈၊ အမှုဆောင် ဦးမြသိန်း ဖုန်း-၅၃၅၆၇၂၊ ဦးဌေးဝင်း ဖုန်း-၀၉-၅၀၁၁၉၆၀ တို့သို့ ဆက်သွယ်လှူဒါန်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပညာဘဏ်တိုက် စာကြည့်တိုက်ဖွင့်

ပင်လောင်း ဖေဖော်ဝါရီ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် စင်းတောင်းကျေးရွာအုပ်စု မိုးဦးကျေးရွာ ပညာဘဏ်တိုက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်စာစောင်၊ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁ရက် နံနက် ၈နာရီက အဆိုပါကျေးရွာ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ထို့နောက် အလှူရှင်များက အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပြီး စာကြည့်တိုက်ကို ဖွင့်လှစ်ပေးလိုက်ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက် အမက(၁၄) နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပရာ မြို့နယ်အဆင့် စတုတ္ထတန်း ဘက်စုံထူးချွန် တတိယဆုနှင့် အုပ်စုအဆင့် ပထမဆုရရှိသော ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှမော်အား ရန်ကင်းမြို့နယ် ပညာရေးမှူး ဒေါ်အုန်းသန်း ဆုချီးမြှင့်စဉ်။ (၃၅)

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း စုံညီအစည်းအဝေး(၂၀၀၉) ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းစုံညီအစည်းအဝေး(၂၀၀၉)ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရန်ကုန်သူနာပြုတက္ကသိုလ်(ပင်မ)ခန်းမဆောင်၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌပါမောက္ခဒေါက်တာနန်းထွမ်းလှက အမှာစကားပြောကြားပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် စုံညီအစည်းအဝေး(၂၀၀၉)ကို ကျင်းပရာ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း ဒုတိယဥက္ကဋ္ဌ (၂) ဒေါ်နွဲ့နွဲ့ခင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း၊ ဆွေးနွေးအကြံပြုခြင်း၊ အတည်ပြုခြင်းနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်သွင်းခြင်း၊ ဆွေးနွေးအကြံပြုခြင်းနှင့် အတည်ပြုခြင်းများကို ဆောင်ရွက်ကြသည်။

ပြောကြား

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ ဒုတိယဥက္ကဋ္ဌ(၂) ပါမောက္ခ ဒေါ်ရင်မြကအမှာစကား ပြောကြားသည်။

ဆက်လက်၍ ဗဟိုအဖွဲ့ဝင်ပြည်နယ်၊ တိုင်းသူနာပြုနှင့် သားဖွားအသင်း ဥက္ကဋ္ဌများက ပြည်နယ်/တိုင်း အသင်းများ၏ နှစ်ပတ်လည် အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းတို့ကို ဆောင်ရွက်ကြကာ ညနေပိုင်းတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု ဂဝံလမ်းသစ်ဖွင့်

ကဝ ဖေဖော်ဝါရီ ၁၇

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် (၄)ရပ်ကွက် ကျောင်းကြီးလမ်း ဂဝံလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါ မုခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းအောင်နှင့် အမှုဆောင်အရာရှိ ဦးသန်းဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး ခဲ့သည်။ (မြို့နယ်စည်ပင်)

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ နဝမအကြိမ် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်၏ နဝမအကြိမ် နှစ်ပတ်လည် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ နဝမအကြိမ် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ နှစ်ပတ်လည်အစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နာယက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အကြံပေးပုဂ္ဂိုလ်များ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်း မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်များမှ အသင်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ Myanmar Pet Show (၂၀၀၉) ဖွင့်ပွဲကို မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံ ဥပစာရှေ့၌ ကျင်းပရာတိုင်းမှူး ၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် Myanmar Pet Show (၂၀၀၉) ပြပွဲတွင်ခင်းကျင်းပြသရောင်းချလျက်ရှိသော မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ ဘဲဥ-ကြက်ဥ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသူများအသင်း၏ ဘဲဥ-ကြက်ဥအရောင်းဆိုင်၊ အလှမွေးငါးကန်အမျိုးမျိုး၊ အဆင့်မြင့် မွေးမြူရေးဆေးဝါးများ၊ ဆေးထိုးပိုက်နှင့်အပ်များ၊ အလှမွေးခွေး၊ ခြံစောင့်ခွေးအမျိုးမျိုးနှင့် လှောင်အိမ်အမျိုးမျိုး၊ မျိုးဝက်သိုးများ၊ မျိုးဝက်မများ၊ အသားတိုးဝက်များ၊ ဝက်သားပေါက်များနှင့် ဝက်ခြံသုံးပစ္စည်း အရောင်းဆိုင်တို့နှင့် အိမ်မွေးတိရစ္ဆာန်ပြပွဲ - ပြိုင်ပွဲတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် နှစ်ပတ်လည်အစည်းအဝေးကို အဆိုပါအဆောက်အအုံရှိ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက "အသားကဏ္ဍထုတ်လုပ်မှု ပိုမိုတိုးတက်မြင့်မားရေးနှင့် ပြည်ပသို့ပိုမို တင်ပို့နိုင်ရေး" တို့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌက အဖွဲ့ချုပ်၏ လုပ်ငန်းဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးနှင့်တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးက နဝမအကြိမ် နှစ်ပတ်လည် အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြပြီး ပြည်နယ်နှင့်တိုင်း အဖွဲ့ချုပ်များမှ အကြံပြုဆွေးနွေး တင်ပြကြသည်။

ထို့နောက် မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ စတုတ္ထသုံးနှစ်သက်တမ်း အလုပ်အမှုဆောင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ အမည်စာရင်းနှင့် တာဝန်များကို ဖတ်ကြားကြေညာပြီး ဗဟိုအလုပ်အမှုဆောင်နှင့် အမှုဆောင်အဖွဲ့ဝင်များက ကတိသစ္စာဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ စတုတ္ထသုံးနှစ်သက်တမ်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားပြီး နှစ်ပတ်လည် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ခေတ်မီမြေတိုင်း သင်တန်းဆင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန တန်းမြင့်မြေတိုင်းနှင့် ခေတ်မီမြေတိုင်းသင်တန်း အမှတ်စဉ် (၁၁) ဆင်းပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီတွင် တိုက်ကြီးမြို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ ကျင်းပရာ အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားသို့ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ၉၀ တက်ရောက်ပြီး သင်တန်းကာလမှာ ငါး လခွဲ ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နာယက မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ Myanmar Pet Show(2009) ဖွင့်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာနနှင့် A&T International Co.,Ltd.တို့ပူးပေါင်းဆောင်ရွက်သည့် DEFINED:e ခေါ် လက်ကိုင်ကွန်ပျူတာအဘိဓာန် မိတ်ဆက်တင်ပြခြင်း အခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

လူတိုင်းအတွက် လက်ကိုင်ကွန်ပျူတာအဘိဓာန်များ မကြာမီ စတင်ရောင်းချပေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ပညာရေးဝန်ကြီးဌာနနှင့် A&T International Co., Ltd. တို့ပူးပေါင်းဆောင်ရွက်သည့် DEFINED:e ခေါ် လက်ကိုင်ကွန်ပျူတာအဘိဓာန်ကို မကြာမီ အများပြည်သူ အသုံးပြုနိုင်ရန်အတွက် စတင်ရောင်းချပေးတော့မည်ဖြစ်ကြောင်း ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် ပုဂံခန်းမ၌ ကျင်းပသော လက်ကိုင်ကွန်ပျူတာအဘိဓာန် မိတ်ဆက်တင်ပြခြင်း အခမ်းအနားတွင် Technomation Studios မှ ဦးထူးမြင့်နောင်က တင်ပြသွားသည်။

DEFINED:e ခေါ်လက်ကိုင် ကွန်ပျူတာအဘိဓာန်သည် ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ဦးစီးဌာနက ထုတ်ဝေထားသော အင်္ဂလိပ်-မြန်မာ အဘိဓာန်၊ မြန်မာအဘိဓာန်နှင့် မြန်မာ-အင်္ဂလိပ်အဘိဓာန်များကို အလွယ်တကူ လေ့လာကြည့်ရှု အသုံးချနိုင်အောင် ပြုလုပ်ထားသော အီလက်ထရွန်နစ် အဘိဓာန်တစ်မျိုးဖြစ်သည်။ ထို့အပြင် open source အင်္ဂလိပ်-အင်္ဂလိပ် အဘိဓာန်များကိုလည်း ထည့်သွင်းပေးထားသည်။

DEFINED:e ကို အဘိဓာန်သက်သက်သာမက စီးပွားရေး၊ လူမှုရေး၊ ပညာသင်ကြားရေးစသည့် နယ်ပယ်အသီးသီးတွင် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် အသုံးပြုနိုင်သည်။အိတ်ဆောင် ကွန်ပျူတာတစ်လုံးကဲ့သို့ အသုံးပြုနိုင်ပြီး သီချင်းနှင့်ဗီဒီယိုများ နားထောင်ကြည့်ရှုနိုင်သော music player, ဓာတ်ပုံများကို ကြည့်ရှုနိုင်သော photolibrary, မှတ်စုတိုများ သိမ်းဆည်းနိုင်သော note, scientific calculator, address book နှင့် ဂိမ်းအစရှိသော application များစွာ အသင့်ပါရှိသည်။

Device တစ်ခုလုံး၏ စာရိုက်စနစ်မှာ လက်ရေးကို အခြေခံသော Hand-writing စနစ်ဖြစ်သည့်အတွက် မြန်မာစာရော၊ အင်္ဂလိပ်စာကိုပါ လက်ကွက်သိစရာမလိုဘဲ စာရေးသကဲ့သို့ ရေးသားအသုံးပြုနိုင်ပါသည်။လက်ကွက်ဖြင့် ရိုက်ချင်သူများအတွက် on screen keyboard ကိုလည်း ထည့်သွင်းပေးထားသည်။

DEFINED:e ကို လာမည့် မတ် ၁ ရက်တွင် ကျင်းပမည့် မန္တလေး ကွန်ပျူတာပြပွဲတွင် စတင်ရောင်းချပေးသွားရန် စီစဉ်ထားသည်။ တစ်ဦးချင်းဝယ်ယူလိုသူများအတွက် ဖြစ်စေ၊ ကျောင်းအလိုက်၊ အဖွဲ့ အစည်းအလိုက် ဝယ်ယူလိုသည်ဖြစ်စေ၊ ကိုယ်စားလှယ်ယူရောင်းချလိုသည်ဖြစ်စေ A&T International Co., Ltd. အမှတ် (၁၄၉) ဘိုကလေးဈေးလမ်း ရန်ကုန် ဖုန်း - ၃၉၂ ၁၅၂၊ ၃၈၀၈၅၄ တို့သို့လည်းကောင်း၊ Technomation Studios အမှတ် (၁၈၅-၁၉၅) အခန်း(၁၁ အေ) ပန်းဆိုးတန်း ဘိဇနက်တာဝါ ပန်းဆိုးတန်းလမ်း ရန်ကုန် ဖုန်း - ၂၄၃၈၉၃ သို့ လည်းကောင်း ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂-၂-၂၀၀၉ (တနင်္ဂနွေနေ့)

(၁၃၇၀ပြည့်နှစ်၊တပို့တွဲလပြည့်ကျော် (၁၃)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈း၀၅ ၆။ အတီးပြိုင်ပွဲ
၈း၁၅ ၇။ "တန်ဖိုး"(ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း)(ဒါရိုက်တာ-သက်တင်)
၈း၂၀ ၈။ International News
၈း၃၀ ၉။ ရေဘုတ်ရေလှောင်တမံ
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အားကိုးချစ်သူကျေးတောသူ" (အပိုင်း-၂၅)**
၁၂း၂၅ ၅။ Golf Magazine(TV)
၁၂း၄၅ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း "နှစ်ကိုယ်ခွဲဇာတ်လမ်း" (လူမင်း၊ ထက်ထက်မိုးဦး) (ဒါရိုက်တာ-ဟိန်းစိုး)**
၂း၂၀ ၇။ တေးဂီတအစီအစဉ်
၂း၃၀ ၈။ စွမ်းအားစုံညီကြက်ခြေနီ
၂း၄၅ ၉။ International News
၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေးစစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအကများ
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၅ ၄။ ၂၀၀၉ခုနှစ်၊တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာသင်ခန်းစာ-(အင်္ဂလိပ်စာဘာသာရပ်) (အပိုင်း-က)
၅း၀၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀ ၆။ ညီညာပေါင်းစုပြတဲ့ပွဲကျေးချောင်းရွာမှ ထမနဲပွဲ
၅း၂၀ ၇။ ဆိုကြမယ်ပျော်ကြမယ်
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၃၀ ၉။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၀။ ကာတွန်းအစီအစဉ်"Pocket Dragon Adventure"
၆း၅၅ ၁၁။ **တစ်မျက်နှာတစ်ကွက်စာ "အတူတူပါပဲ" (သတ္တိ၊ ထက်အိကလျာ) (ဒါရိုက်တာ-ကြည်သာ (ပွဲကြိုက်ခင်))**
၇း၁၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာနှင့်ယှဉ်သောမေတ္တာ" (အပိုင်း-၂၁)**
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ"ကြမ္မာမုန်တိုင်း" (အပိုင်း-၁၃)**
၁၇။ အစီအစဉ်ပြီး၏။

နိုင်ငံတကာသတင်းမှတ်စု

အီဂျစ်၌ ယူကရိန်းကုန်တင်လေယာဉ် မီးလောင်

အီဂျစ်နိုင်ငံတောင်ပိုင်း လပ်ဆောမြို့ လေဆိပ်၌ ဖေဖော်ဝါရီ ၂၀ ရက်တွင် ယူကရိန်းကုန်တင်လေယာဉ် မီးလောင်ရာ လေယာဉ်အမှုထမ်းငါးဦးစလုံး သေဆုံးကြောင်း မြို့ပြလေကြောင်းဌာနက ပြောကြားသည်။

ဖေဖော်ဝါရီ ၁၉ ရက် ညပိုင်းက ယင်းလေဆိပ်တွင် ယူဂန္ဒာနိုင်ငံမှ ထွက်ခွာလာပြီး ယူကရိန်းနိုင်ငံသို့ ဦးတည်ပျံသန်းမည့် အင်တိုနော့-၁၂ ကုန်တင်လေယာဉ်သည် လောင်စာဆီဖြည့်ပြီး ပျံတက်ရန် ပြင်ဆင်နေစဉ် မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းလေယာဉ်သည် ပြေးလမ်းမှ မီတာ ၇၀၀ ၌ ပျက်ကျခဲ့သော်လည်း လေဆိပ်၌ လေယာဉ်အသွားအလာ ထိခိုက်မှုမရှိကြောင်း ယင်းဌာနက ပြောကြားသည်။

လေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့သော နော့ဝက်ခ် လေကြောင်းလိုင်းမှ လေယာဉ်အနီးတွင် ဒဏ်ရာရရှိသွားသူများကို သယ်ဆောင်ရန် သူနာပြုယာဉ် အသင့်စောင့်နေသည်ကို တွေ့ရစဉ်။

ဂျပန်လေယာဉ် လေပြင်းမိ၍ အရေးပေါ်ထိုးဆင်းရ

ဖိလစ်ပိုင်နိုင်ငံမှ တိုကျိုမြို့သို့ ပျံသန်းသော နော့ဝက်စ်လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် တိုကျိုလေဆိပ်သို့ မဆင်းမီ မိနစ် ၃၀ ခန့်တွင် တိုကျိုမြို့ အရှေ့ဘက် ချီဘာကမ်းခြေ၌ ပျံဝဲနေစဉ် လေပြင်းတိုက်ခတ်ခြင်းခံရသဖြင့် ရုတ်တရက် ထိုးဆင်းခဲ့ရရာ လေယာဉ်ဝန်ထမ်းများနှင့် ခရီးသည် ၅၀ မှာ ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ခရီးသည်လေးဦးကို ဆေးရုံတင်ထားရပြီး လည်ပင်း၌ဒဏ်ရာရရှိသူမှာ စိုးရိမ်ဖွယ်ရာရှိသည်ဟု နော့ဝက်စ်လေကြောင်းလိုင်းမှ ပြောရေးဆိုခွင့်ရှိသူ မာဆာရှိတာ ကာဟာရှိက ပြောကြားသည်။ အဆိုပါ ဘိုရင်း ၇၄၇-၄၀၀ အမျိုးအစား လေယာဉ်ပေါ်တွင် ခရီးသည် ၄၀၈ ဦးနှင့် ဝန်ထမ်း ၁၄ ဦး လိုက်ပါလာသည်။

ဘရာဇီးမှ တရုတ်သို့ နေ့စဉ် ရေနံတိုးမြှင့်ပို့မည်

တရုတ်နိုင်ငံသို့ တစ်ရက်လျှင် ရေနံစည်ပေါင်း ၁၀၀၀၀၀ ထိ တိုးမြှင့်ပေးပို့ရန် ဘရာဇီးနိုင်ငံက သဘောတူခဲ့ပြီဖြစ်ကြောင်း ဘရာဇီးနိုင်ငံပိုင် ရေနံနှင့်သဘာဝဓာတ်ငွေ့ အကြီးဆုံးကုမ္ပဏီ ပက်ထရိုဘရက်စ်က ကြာသပတေးနေ့တွင် ထုတ်ဖော်ပြောကြားသည်။

ပက်ထရိုဘရက်စ်က တရုတ်ရေနံချက်စက်ရုံများသို့ တစ်ရက်လျှင် ရေနံစိမ်းစည်ပေါင်း ၆၀၀၀၀ မှ ၁၀၀၀၀၀ ထိ ပေးပို့ရန် တရုတ်နိုင်ငံပိုင် ဆီနိုပက်ရေနံကုမ္ပဏီနှင့် သဘောတူထားသည်။

ပါကစ္စတန်၌ အသေခံပုံးဖောက်ခွဲ၊ ၂၈ ဦး သေဆုံး

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းတွင် ဖေဖော်ဝါရီ ၂၀ ရက်က သတ်ဖြတ်ခံရသော ရှီးယိုက်မူဆလင်ခေါင်းဆောင်တစ်ဦး၏ နာရေးအခမ်းအနားတွင် အသေခံပုံးဖြင့် တိုက်ခိုက်မှုကြောင့် ၂၈ဦး သေဆုံးပြီး ၆၀ကျော် ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အခင်းဖြစ်ပွားရာသို့ ရောက်ရှိလာသော အရာရှိများအား ဒေါသထွက်နေသော ရှီးယိုက်များက ပစ်ခတ်ခြင်းကြောင့် ရုန်းရင်းဆန်ခတ်ဖြစ်ခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းဖြစ်ရပ် အတွင်း ဒေသခံဆွန်နီမူဆလင်နှစ်ဦး သေဆုံးခဲ့ရသည်။

တာဂျီကစ္စတန်နှင့် ဥဇဘတ်ကစ္စတန်တို့ နေတိုးကုန်ပစ္စည်းများ ဖြတ်သန်းခွင့်ပြု

အာဖဂန်နစ္စတန်နိုင်ငံသို့ သယ်ဆောင်မည့် နေတိုးကုန်ပစ္စည်းများ ဖြတ်သန်းခွင့်ပြုရန် တာဂျီကစ္စတန်နှင့် ဥဇဘတ်ကစ္စတန်တို့က သဘောတူခဲ့ပြီဖြစ်ကြောင်း သောကြာနေ့တွင် အမေရိကန် သယ်ယူပို့ဆောင်ရေးတပ်မှူးက ပြောကြားသည်။

အာဖဂန်နစ္စတန်သို့ လက်နက်မဟုတ်သောပစ္စည်းများ သယ်ဆောင်ခြင်းအတွက် ရထားနှင့် ကားလမ်းကြောင်းများအား အသုံးပြုရန် တာဂျီကစ္စတန်က သဘောတူခဲ့ခြင်းဖြစ်သည်။ ဥဇဘတ်ကစ္စတန်မှ တာဂျီကစ္စတန်ဒေသအတွင်း ဖြတ်သန်းပြီး အိမ်နီးချင်းနိုင်ငံ အာဖဂန်နစ္စတန်သို့ အပတ်စဉ် ကုန်သေတ္တာ ၅၀ မှ ၂၀၀ ထိ သယ်ယူရန် အမေရိကန်က စီစဉ်ထားသည်။

ကက်ရှ်မီးယား၌ အင်အားအသင့်အတင့် ငလျင်လှုပ်

အိန္ဒိယနိုင်ငံ ကက်ရှ်မီးယားဒေသ ပါကစ္စတန်နိုင်ငံနယ်စပ်အနီးတွင် ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက ရစ်ချ်တာစကေး ၅ ဒသမ ၅ အဆင့်ရှိ အင်အားအသင့်အတင့် ငလျင်တစ်ခု လှုပ်သွားကြောင်း တာဝန်ရှိသူက ပြောကြားသည်။

အဆိုပါငလျင်သည် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၉ မိနစ်က ဆရင်နာဂါဒေသအပါအဝင် ပါကစ္စတန်နယ်စပ် ဒေသများနှင့် အိန္ဒိယနိုင်ငံ ကက်ရှ်မီးယားဒေသအကြားကို ဗဟိုပြု၍ လှုပ်သွားသည်။ ယင်းငလျင်လှုပ်မှုကြောင့် သေကျေဒဏ်ရာရရှိမှုနှင့် ပျက်စီးမှုများကို ဖော်ပြခြင်းမရှိကြောင်း သိရသည်။

စုစည်းရေးသားသူ-စိုးစိုးနိုင်

အမေရိကန်တို့၏ လေကြောင်းမှတိုက်ခိုက်မှုကြောင့် အာဖဂန်အရပ်သားများ သေဆုံး

ဟီရတ် (အာဖဂန်နစ္စတန်)
ဖေဖော်ဝါရီ ၂၁

အာဖဂန်နစ္စတန် အနောက်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ လေကြောင်းမှ တိုက်ခိုက်ခြင်းခံရသောကြောင့် ကလေးတစ်ဦး သေဆုံးသွားသည်ကို ရိုက်ကူးထားသောဗီဒီယိုအား ဖေဖော်ဝါရီ ၁၈ရက်တွင်ပြသသည်။ ယင်းလေကြောင်းမှ တိုက်ခိုက်မှုတွင် အရပ်သား ၁၂ ဦး သေဆုံးသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသော်လည်း အမေရိကန်တပ်ဖွဲ့ဝင်တို့၏ ပြောကြားချက်တွင်မူ စစ်သွေးကြွ ၁၆ ဦး သေဆုံးသည်ဟု ဆိုသည်။

ဂိုဇာရာခရိုင် ဟီရတ်ပြည်နယ်တွင် ဖေဖော်ဝါရီ ၁၆ ရက်နေ့ တိုက်ခိုက်ပြီးနောက် ရိုက်ကူးထားသော ဗီဒီယို၌ လှည့်လည်သွားလာသူများ နေထိုင်သောတဲများထဲတွင် ရုပ်ပျက်ဆင်းပျက် သေဆုံးနေသော လူများနှင့်တိရစ္ဆာန်များ၏ ရုပ်ကြွင်းအလောင်းများကို တွေ့ရကြောင်း၊ မည်သူမည်ဝါတို့ဖြစ်သည်ကို မသိနိုင်တော့ကြောင်း၊ အလောင်းတစ်လောင်းမှာမူ လူငယ်လေးတစ်ဦးဖြစ်နိုင်ကြောင်း တွေ့မြင်ရသည်ဟု ဆိုသည်။

သတင်းအရ သေဆုံးသူများထဲတွင် အမျိုးသမီးခြောက်ဦး၊ ယောက်ျားလေးဦးနှင့် ကလေးနှစ်ဦး စုစုပေါင်း ၁၂ ဦး ဖြစ်ကြောင်း၊ ၎င်းတို့သည် ဗုံးကြဲတိုက်ခိုက်မှုကြောင့်သေဆုံးရကြောင်း အာဖဂန် အနောက်ပိုင်းရှိ ရဲမှူးကြီး အီဇရပ်မတ်ဒင်းရာဝါက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနကမူ သေဆုံးသူများမှာ အကြမ်းဖက်သမားခုနစ်ဦးနှင့် အရပ်သားများဖြစ်သည်ဟုဆိုသည်။ အကြမ်းဖက်သမားများသည် အရပ်သားများနေသည့် အိမ်ထဲတွင် ပုန်းအောင်းနေသည့်အတွက် အရပ်သားများပါ ရော၍ ကံဆိုးရကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

အာဖဂန်တွင် လွန်ခဲ့သောနှစ်က အရပ်သား ၂၁၀၀ ကျော် သေဆုံးခဲ့ရသဖြင့် ၂၀၀၇ ခုနှစ်ကထက် ၄၀ ရာခိုင်နှုန်းကျော်ပို၍ သေဆုံးကြောင်း ကုလသမဂ္ဂက ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြောကြားသည်။ အမေရိကန်နှင့် နေတိုးဦးဆောင်သော တပ်ဖွဲ့ဝင်များ၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အရပ်သား ၅၅၂ ဦး သေဆုံးခဲ့ရသည်။

အမ်အင်အေ/ရိုက်တာ။

ဖေဖော်ဝါရီ ၂၀ ရက်က ပါကစ္စတန်နိုင်ငံ ဒါရာအစ္စမေးလ်ခန်းအရပ်၌ ပေါက်ကွဲမှု ဖြစ်ပွားသွားပြီးနောက် ဒဏ်ရာရရှိသူအချို့ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

သီရိလင်္ကာ မြို့တော်ကို ကျားသူပုန်များ လေကြောင်းမှ တိုက်ခိုက်

ကိုလံဘို ဖေဖော်ဝါရီ ၂၁

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တော်ကို သောကြာနေ့ ညအချိန်တွင် တမီးလ်ကျားသူပုန်တို့က လေကြောင်းမှ တိုက်ခိုက်ရာ သူပုန်လေယာဉ်တစ်စင်း ပစ်ချခံရပြီး အခြားတစ်စင်းက အစိုးရအဆောက်အအုံပေါ်သို့ ဗုံးကြဲချခဲ့ကြောင်း ကာကွယ်ရေးဌာနမှ အရာရှိများက ပြောကြားသည်။

ညပိုင်း လေကြောင်းတိုက်ခိုက်မှုအတွင်း သူပုန်လေယာဉ်တစ်စင်းကို သီရိလင်္ကာလေတပ်က ပစ်ချနိုင်ခဲ့ပြီး ကာတူနယကေးလေဆိပ်အနီးတွင် သူပုန်လေယာဉ်မှူး၏ အလောင်းကို တွေ့ရှိခဲ့ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဥဒယားနာနာယကာရက ပြောကြားသည်။

ဗုံးကြဲခံရချိန်တွင် ပြည်တွင်းအခွန်ဌာနအဆောက်အအုံမှာ ပိတ်ထားချိန်ဖြစ်၍ အထိအခိုက် အသေအပျောက် စာရင်းကို မသိရသေးကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုအတွင်း ၂၇ ဦး ဒဏ်ရာရရှိသွားကြောင်း အခြားသတင်းရပ်ကွက်၏ အဆိုအရ သိရသည်။ တမီးလ်ကျားသူပုန်လေယာဉ်နှစ်စင်းသည် ည ၉ နာရီ မိနစ် ၃၀ တွင် ကိုလံဘိုမြို့ ကောင်းကင်ပြင်သို့ ရောက်ရှိလာပြီး တိုက်ခိုက်ခြင်းဖြစ်သည်။ ***အင်တာနက်။***

ဖေဖော်ဝါရီ ၂၀ ရက်က သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ကို ဗုံးကြဲတိုက်ခိုက်စဉ် အတွင်း ပစ်ချခံလိုက်ရသော တမီးလ်ကျား သူပုန် လေယာဉ်ပျက်ကို အပြည်ပြည်ဆိုင်ရာလေဆိပ်အနီး တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကာလီဖိုးနီးယားပြည်နယ်တွင် လုပ်ငန်းများဖျက်သိမ်းရ၍ လုပ်သားနှစ်သောင်း အလုပ်လက်မဲ့ဖြစ်မည်

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂၁

အခွန်အကောက်များ ကြီးမြင့်ခြင်း၊ အသုံးစရိတ်များ ဖြတ်တောက်ခြင်းကြောင့် ပြည်နယ်၏ ဘဏ္ဍာရေးလိုငွေပြမှုကို ဖာထေးနိုင်မည့် အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ ခွင့်ပြုရန် ကာလီဖိုးနီးယားပြည်နယ်ဥပဒေပြုအဖွဲ့က တင်ပြတောင်းခံသည်။ ယင်းတင်ပြချက်ကို ခွင့်မပြုသဖြင့် ပြည်နယ်တစ်ဝန်းလုံးရှိ လုပ်ငန်းများ ရပ်ဆိုင်းရမည်ဖြစ်၍ အလုပ်သမားနှစ်သောင်း (၂၀ ရာခိုင်နှုန်း)ခန့်ကို လျှော့ချရမည်ဖြစ်သည်။ လာမည့် ဘဏ္ဍာရေးနှစ်မတိုင်မီ၌ လုပ်ငန်းများဖျက် သိမ်းပြီး အလုပ်သမား လျှော့ချခြင်းကို ဇူလိုင်လတွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး အာနိုး၏ ပြောရေးဆိုခွင့်ရှိသူ မက်ကလီယာက တနင်္လာနေ့တွင် ပြောကြားသည်။ ***အမ်အင်အေ/ရိုက်တာ။***

ကြေးမုံ
The Mirror
နိုင်ငံတကာသတင်းများ

အစ္စရေးတွင် ညွန့်ပေါင်းအစိုးရဖွဲ့ရန် နေတန်ရာဟုအား တာဝန်အပ်နှင်း

ဂျေရုဆလင် ဖေဖော်ဝါရီ ၂၁

အစ္စရေးနိုင်ငံ ပါလီမန်ရွေးကောက်ပွဲ ကျင်းပပြီးစီးပြီး ၁၀ ရက်အကြာတွင် သမ္မတရှီမွန်ပီရက်စ်က လီကွတ်ပါတီခေါင်းဆောင် ဗင်ဂျာမင်နေတန်ရာဟုအား ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရန် သောကြာနေ့က တာဝန်အပ်နှင်းလိုက်သည်။

သမ္မတအိမ်တော်၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပီရက်စ်က နေတန်ရာဟုသည် ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရန် သဘောတူလက်ခံခဲ့သည်ဟု ပြောကြားသည်။

ကာဒီမာပါတီအကြီးအကဲ တီဇီပီလဗ်နီ၊ လေဘာပါတီခေါင်းဆောင် အီဟွတ်ဘာရက်နှင့် ပါလီမန်ရှိ အုပ်စုအသီးသီးတို့အား ညွန့်ပေါင်းအစိုးရတွင် ပါဝင်ကြပါရန် နေတန်ရာဟုက ဖိတ်ခေါ်သည်။

နေတန်ရာဟုသည် အစ္စရေးနိုင်ငံ၏ နဝမမြောက် ဝန်ကြီးချုပ်အဖြစ် ၁၉၉၆ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ ၎င်းသည် ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရန်အတွက် ၄၂ရက် အချိန်ရရှိသည်။ ***အင်တာနက်။***

ဖေဖော်ဝါရီ ၂၀ ရက်က အစ္စရေးနိုင်ငံ ဂျေရုဆလင်တွင် ကျင်းပသော ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် အစ္စရေးသမ္မတ ရှီမွန်ပီရက်စ်နှင့် အစိုးရသစ်ဖွဲ့စည်းမည့် လီကွတ်ပါတီမှ ခေါင်းဆောင် နေတန်ရာဟုတို့ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် မလိခမြစ်ကူး ကောင်းမှုလုံ ဂျစ်ကားကူး ကြိုးတံတားတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ် (၇)ရပ် ပြီးမြောက်အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ်ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက် သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့် ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ် တပ်မတော် တည်ဆောက်ရေး။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် မလိခမြစ်ကူး ကောင်းမှုလုံ ဂျစ်ကားကူးကြိုးတံတား တည်ဆောက်မှု စစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ကချင်ပြည်နယ် ပူတာအိုမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၅ရက် နံနက် ၇နာရီခွဲတွင် ပူတာအိုမြို့နယ်ရှိ ထဝါဒမ်းတပ်နယ်ကို ကြည့်ရှု စစ်ဆေးပြီး ထဝါဒမ်းကျေးရွာအနီး၌ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက တာဝန်ယူ ဆောက်လုပ်လျက်ရှိသည့် မလိခမြစ်ကူး ကောင်းမှုလုံ ဂျစ်ကားကူးကြိုးတံတားလုပ်ငန်းခွင်သို့ ရောက်ရှိကာ ကြိုးတံတား တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကြိုးတံတားပြီးစီးပါက ပူတာအို-ထဝါဒမ်း-ကောင်းမှုလုံ-နန့်ခမ်း-မချမ်းဘော-နောင်မွန်းတို့ကို ကားလမ်းတစ်ဆက်တစ်စပ်တည်း သွားလာနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် စက်ရေယာဉ်ငယ်များဖြင့် မလိခမြစ်ကြောင်း ဝဲ၊ ယာတစ်လျှောက်ရှိ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည် သာယာလှပမှုအခြေအနေနှင့် မြစ်ကြောင်းစီးဆင်းမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြပြီး မချမ်းဘောမြို့နယ် ဂူဘားခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲအခမ်းအနားတွင် ပြည်နယ်ပညာရေးမှူးက ကျောင်းသုံးဗလာစာအုပ်များကို လည်းကောင်း၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက စာအုပ်စာစောင်များကို လည်းကောင်း၊ ပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ခေါက်ဆွဲခြောက်ထုပ်များကို လည်းကောင်း၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးက ဆေးဝါးပစ္စည်းများကို လည်းကောင်း၊ သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာက ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း၊ တိုင်းမှူးက အိမ်သုံးဆားများကို လည်းကောင်း၊ ဗိုလ်ချုပ်အုန်းမြင့်က အဝတ်အထည်များကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် မချမ်းဘောတပ်နယ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မချမ်းဘောမြို့နယ်နှင့် ပူတာအိုမြို့နယ် နောင်ခိုင်ကျေးရွာတို့ကို ဆက်သွယ်သည့် မလိခကြိုးတံတား၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မချမ်းဘော-ပူတာအို လမ်းပိုင်း ပြုပြင်ဆောင်ရွက်ထားရှိမှု အခြေအနေကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှု စစ်ဆေးသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၂-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ် ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၅	၄။	ကာတွန်းအစီအစဉ် - ဂျူမုံမင်းသားလေး (အပိုင်း-၂၆)
၁၂း၀၀	၅။	မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင်- ပျော်ပွဲစား
၁း၃၀	၆။	ကျန်းမာသုတ
၁း၄၅	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မောင်နဲ့သာဆိုရင် အပိုင်း(၂၄)
၂း၄၅	၈။	အပိတ်နှုတ်ဆက်စကား
၂း၅၀	၉။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၀	၅။	၂၀၀၉ခုနှစ်၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲအထောက် အကူပြုသင်ခန်းစာ (အင်္ဂလိပ်စာ အပိုင်း-က)
၄း၄၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၄း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀	၈။	သံစဉ်များနှင့်ကမ္ဘာ
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၃၅	၁၂။	ကမ္ဘာ့အံ့ဖွယ်မျက်လှည့် ပညာရှင်များ
၆း၄၅	၁၃။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - သံယောဇဉ်နှောင်ကြိုး (အပိုင်း-၅၅)**
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ပဟေဠိနန်းတော်
	၁၉။	ကျန်းမာသုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -နှလုံးသားအလှသစ္စာတရား (အပိုင်း-၂၈)**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

သဃ်င်္ဃန်းကျွန်း အထက(၃) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

သင်္ဃန်းကျွန်း အထက(၃) ၁၉၆၉ခုနှစ်မှ ၁၉၈၇/၈၈ခုနှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ် အသက်(၆၀)ပြည့်နှင့်အထက် အငြိမ်းစား ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၂၈ရက် (စနေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း မြညီလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ဦးမြင့်စိုးဝင်း ဖုန်း-၅၈၁၁၆၃၊ ဦးစန်းထွန်း ဖုန်း-၅၆၁၆၉၇၊ ဦးလှသန်း ဖုန်း-၅၆၆၉၆၇၊ ဦးထွန်းအေးကြည် ဖုန်း-၀၉၅၀၂၄၈၀၄၊ ဦးခင်မောင်ညွန့် ဖုန်း-၀၉၅၀၆၃၀၉၀၊ ဦးမောင်မောင်မြင့် ဖုန်း-၀၉၅၁၄၈၅၄၄၊ ဦးသန်းထွန်း ဖုန်း-၅၇၂၀၀၂၊ ဦးတင်ရွှေ ဖုန်း-၀၉၅၀၀၄၃၉၀၊ ဦးမြင့်ခိုင် ဖုန်း-၀၉၅၀၆၃၁၉၅၊ ဦးမြင့်အောင် ဖုန်း-၅၇၀၅၇၇၊ ဦးကျော်ကျော် ဖုန်း-၀၉၅၁၂၄၄၆၈၊ ဦးတင်လှ ဖုန်း-၀၉၅၁၀၄၂၁၂၊ ဦးစိန်ထွန်းအောင် ဖုန်း-၀၉၅၁၈၁၁၇၂၊ ဦးအေးလွင် ဖုန်း-၀၉၅၁၆၁၈၈၃၊ ဒေါ်ဝင်းဝင်းကြိုင် ဖုန်း-၀၉၅၁၇၃၈၃၉၊ ဒေါ်ခင်ခင်မြ ဖုန်း-၅၆၁၃၅၈တို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဝန်ကြီး ဦးအောင်ကြည်အား ဗြိတိန်နိုင်ငံသံအမတ်ကြီး တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E . Mr. Mark Canning သည် ဖေဖော်ဝါရီ ၁၇ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E.Mr. Mark Canning လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

မြောင်းမြအသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြောင်းမြမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၅ရက်က ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပရာ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးလှဖေကမှတ်တမ်းတင်ရန် ကိစ္စများတင်ပြသည်။

အခမ်းအနားတွင် အသင်းဝင်အဘိုး၊အဘွား ၁၂၈ဦးအား ပူဇော်ကန်တော့ကြပြီး တက္ကသိုလ်ဝင်စာမေးပွဲ Top Ten သုံးဦး အပါအဝင် သုံးဘာသာ အထက် ဂုဏ်ထူးရှင် ၁၆ဦးအား ပညာရည်ချွန်ဆုချီးမြှင့်ကာ တက္ကသိုလ်ပညာသင်ကြားနေသူ ခုနစ်ဦးအား ပညာသင်ထောက်ပံ့ကြေးပေးအပ်သည်။ ဆက်လက်၍ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်အေးက အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့်ငွေစာရင်းရှင်းတမ်းအား တင်ပြပြီး အဖွဲ့ဝင် ၂၅ဦး ပါဝင်သော အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြကာ ဥက္ကဋ္ဌသစ်က နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သိရသည်။ (ကြေးမုံ)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

အပွေးမြင် အပင်သိ

လှိုင်အောင်

၁၉၈၈ ခုနှစ်ကနေစပြီး ကြည့်လိုက်ရင် မြန်မာ့နိုင်ငံရေး တိုးတက်မှုအပေါ် နိုင်ငံတကာအသိုင်းအဝိုင်းက အားမလို အားမရဖြစ်ခဲ့ကြပါတယ်။ ဒါကလည်း အမျိုးမျိုးသော အကြောင်းတရားတွေကြောင့် မြန်မာ့နိုင်ငံရေးဖြစ်စဉ်ဟာ ဝက်ပါခရီးလမ်းမှာ လျှောက်လှမ်းရသလို နှေးတဲ့အခါနှေး၊ ဝေးတဲ့အခါဝေး ဖြစ်ခဲ့ရတာပါ။

ဒီလို တိုးတက်မှုနှေးကွေးခဲ့တာကို ကုစားနိုင်ဖို့ နိုင်ငံတကာအသိုင်းအဝိုင်းက စိတ်ကောင်းစေတနာနဲ့ ကူညီဖို့ ကြိုးစားခဲ့ကြတာလည်း တွေ့မြင်ရပါတယ်။ ဒါပေမယ့် တစ်ခါတလေတော့လည်း ပေါ့စေလိုလို့ ကြောင်ရုပ်ထိုးကာမှ ဆေးအတွက်လေးတာမျိုးတွေ ရှိတတ်ပါတယ်။ တချို့ကျတော့လည်း ပစ်တိုင်းထောင်ရုပ်ကို ကြိုးရှုပ်အောင် တမင်လုပ်ချင်တာတွေ ရှိတာပေါ့လေ။

တကယ်တော့ နိုင်ငံရေးပြဿနာတစ်ခုကို ဖြေရှင်းတယ်ဆိုတာ အိမ်တွင်းရေးကိစ္စတစ်ခု ဖြေရှင်းရသလိုပါပဲ။ အိမ်ထောင်တစ်ခုမှာ ဇနီးခင်ပွန်းနှစ်ဦး ကတောက်ကဆတ်ဖြစ်ကြတဲ့အခါ ကြားထဲက ဘေးတီးပေးတဲ့သူတွေ၊ ကတုန်းကတိုက်လုပ်တဲ့ သူတွေလည်း ရှိတတ်ပါတယ်။ တကယ်စေတနာနဲ့ဝင်ပြီး ဖျန်ဖြေပေးတဲ့သူတွေရှိသလို ကြားဝင်ဖျန်ဖြေသလိုလိုနဲ့ တို့မီးရှို့မီးလုပ်သွားတဲ့သူတွေလည်း ရှိတတ်ပါတယ်။ သူ့ဘက်ကိုယ့်ဘက်ပါလာတဲ့ နှစ်ဖက်ဆွေမျိုးတွေက ဝင်စွက်ကြလို့ အပြက်အပြက်နဲ့ နှာခေါင်းသွေးထွက်တာတွေလည်း ရှိတတ်ပါတယ်။ ဒီလိုအချိန်မျိုးကျရင် ဘယ်သူကမှ မခေါ်မပင့်ပါဘဲ ပေါက်ချလာပြီး ငယ်တဲ့အမှုကို ကြီးအောင်၊ ကြီးတဲ့အမှုကို ရှင်းမရအောင် အကြံကောင်းဉာဏ်ကောင်းပေးသလိုလိုနဲ့ လာဖွပြီး ချောက်ချတတ်တဲ့ သူတွေလည်း အများကြီးပါပဲ။ အဆုံးမှာတော့ သူတို့ပယောဂကြောင့် ဒုက္ခရောက်သွားကြရရင်ဝမ်းမြောက်ဝမ်းသာနဲ့ အိမ်တကာလည် မောင်းတီးပြီး အတင်းတွေပြော၊ အပုပ်ချတာတွေလုပ်ကြတာလည်း သူတို့တစ်တွေပါပဲ။

နိုင်ငံတစ်ခုရဲ့ပြဿနာဆိုလည်း ဒီအတိုင်းပါပဲ။ ဘေးပယောဂတွေကလည်း အများကြီးမမှန်သတင်းလွှင့်ပြီး အမနာပ ပြောချင်တဲ့သူတွေကလည်း အများကြီးပါ။ ဒါကြောင့် စေတနာအမှန်နဲ့ ဝင်ပြီးကူညီဖြေရှင်းပေးချင်တဲ့သူတွေအတွက်လည်း အခက်အခဲတွေ အများကြီး ရှိတတ်ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအနေနဲ့ မြန်မာနိုင်ငံရဲ့ အရေးကိစ္စတွေမှာ ပါဝင်ကူညီဖြေရှင်းပေးဖို့အတွက် ကြိုးပမ်းနေခဲ့တာလည်း အတော်ကလေးသက်တမ်းရလာခဲ့ပြီဖြစ်ပါတယ်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ်တစ်ဦးထားရှိပြီး အစိုးရနဲ့ အတိုက်အခံကြားမှာ စေ့စပ်ဆွေးနွေးမှုဖြစ်မြောက်ရေးအတွက် ဝင်ရောက်ကူညီခဲ့သလို လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူတစ်ယောက်ထားရှိပြီးတော့ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးအခြေအနေတွေ တိုးတက်အောင် လုပ်ဆောင်နိုင်ရေးအတွက် အကြံပြုကူညီစေခဲ့တာလည်း ရှိပါတယ်။

ကုလသမဂ္ဂအဖွဲ့အနေနဲ့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံရဲ့ အရေးကိစ္စမှာ ပါဝင်ကူညီဆောင်ရွက်တဲ့အခါတိုင်းမှာ သက်ဆိုင်ရာနိုင်ငံရဲ့ အချုပ်အခြာအာဏာစီရင်ပိုင်ခွင့် နယ်ပယ်အတွင်းကျရောက်တဲ့ ကိစ္စများကို ဝင်မစွက်မိစေဖို့၊ သဘောထားချင်းမတိုက်ဆိုင်တဲ့အုပ်စုနှစ်စုအကြားမှာ ဘယ်ဘက်ကိုမှမလိုက်ဘဲ မျှမျှတတအမြင်နဲ့ ပြဿနာကိုချဉ်းကပ်နိုင်ဖို့၊ နှစ်ဦးနှစ်ဖက် လက်ခံနိုင်မယ့် ပြဿနာဖြေရှင်းရေးနည်းလမ်းကို ကူညီရှာဖွေအကြံပြုနိုင်ဖို့၊ သက်ဆိုင်ရာကိုယ်စားလှယ်တွေအနေနဲ့ မိမိကိုပေးအပ်ထားတဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်ဘောင်အတွင်းကနေ အကောင်းဆုံး ရလဒ်ပေါ်ထွက်လာအောင် ကြိုးပမ်းဖို့ စတဲ့ ဆောင်ရန်ရှောင်ရန် အချက်တွေနဲ့အညီ သိမ်သိမ်မွေ့မွေ့ ချဉ်းကပ်လှုပ်ရှားကြရတာဖြစ်ပါတယ်။

ဒါကိုပဲ မသိနားမလည်သူတွေ သိသော်လည်း မသိဟန်ပြုပြီး အပြစ်တင်လိုသူတွေက မိမိတို့ လိုဘမပြည့်တဲ့အခါတိုင်း ယိုးမယ်ဖွဲ့ပြီး အမျိုးမျိုးကဲ့ရဲ့ပုတ်ခတ်ပြောဆိုတတ်ကြတာလည်း ရှိပါသေးတယ်။

ဒါပေမယ့် အမှန်တကယ် လေးလေးနက်နက် စဉ်းစားကြည့်ရင် ပြင်ပကလာပြီး ကူညီတယ်ဆိုတာ ဓာတုဗေဒဘာသာရပ်မှာ ဒြပ်စင်နှစ်ခုကို ပေါင်းစည်းဓာတ်ပြုနိုင်ရေးအတွက် ဘေးကနေ ထောက်ကူပေးတဲ့ ဓာတ်ကူပစ္စည်းလိုပါပဲ။ ဓာတ်ကူပစ္စည်း ဘယ်လောက်ကောင်းကောင်း မပေါင်းစည်းနိုင်တဲ့ ဒြပ်စင်နှစ်ခုကို အတင်းပေါင်းစည်းအောင် ပြုလို့မရနိုင်ပါဘူး။ နိုင်ငံရေးကိစ္စမှာလည်း ဒီလိုပါပဲ။ ကာယကံရှင် နှစ်ဦးနှစ်ဖက်အကြားမှာဖြစ်တဲ့ သဘောထားမတိုက်ဆိုင်မှုဟာ ဒီကာယကံရှင်နှစ်ဦးနှစ်ဖက်အကြားမှာပဲ အပြန်အလှန်နားလည်မှု၊ အပြန်အလှန် ယုံကြည်မှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန် ခွင့်လွှတ်သဘောထားကြီးမှု စတဲ့ စိတ်ကောင်းစေတနာမှန်တွေနဲ့ ဖြေရှင်းနိုင်မှ အမှန်တကယ်ပြေလည်မှုရကြမှာ ဖြစ်ပါတယ်။

လူဆိုတာ ပုထုဇဉ်လူသားအဆင့်မှာတော့ ဘယ်သူမှ ပြီးပြည့်စုံအောင် အမြဲမှန်ကန်တယ်ဆိုတာ မရှိပါဘူး။ ပညတ်တရားတွေနဲ့ တည်ဆောက်ထားတဲ့ လောကီနယ်ပယ်ရဲ့ သမုတိသစ္စာဘောင်ကြီးထဲမှာ အမှန်တရားဆိုတာ အများကြီးရှိနေတာပါ။ အစွဲမကင်းသမျှ ကိုယ့်လိုဘကို ဖြည့်ဆည်းပေးနိုင်တာ ကိုယ့်အတွက်အမှန်လို့ ယူကြစွဲကြတာချည်းပါပဲ။ နိုင်ငံရေးဆိုတာ ကိုယ့်အကျိုးအတွက်လို့ယူရင် ကိုယ်ကျိုး ဖြည့်ဆည်းပေးနိုင်တဲ့အရာဟာ အမှန်လို့ ဆိုပါလိမ့်မယ်။ နိုင်ငံရေးကို လူ့အဖွဲ့အစည်းအကျိုးလုပ်တာလို့ မြင်ရင်တော့ လူ့အဖွဲ့အစည်းတစ်ခုလုံးရဲ့ အကျိုးစီးပွား၊ အမျိုးသားအကျိုးစီးပွားကို ဖြစ်ထွန်းစေတဲ့ကိစ္စဟာ အမှန်တရား ဖြစ်ပါလိမ့်မယ်။

မြန်မာနိုင်ငံကိစ္စမှာ ဘယ်ဘက်ကိုမှမလိုက်ဘဲ ကြားထဲက အမြင်နဲ့ ပြောရရင် အစိုးရအနေနဲ့ရော၊ အစိုးရနဲ့ သဘောထားမတူတဲ့ဘက်ကရော မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာစေချင်တယ်။ ဖွံ့ဖြိုးတိုးတက်စေချင်တယ်။ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်စေချင်တယ်။ ဒီမိုကရေစီ အနှစ်သာရတွေ ပြည့်ပြည့်ဝဝ ရရှိခံစားရစေချင်တယ်ဆိုတဲ့ စေတနာဆန္ဒအားဖြင့် တစ်သဘောတည်းရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်။ သို့သော်လည်း အဲဒီဆန္ဒကို အကောင်အထည်ဖော်တဲ့နေရာမှာ ရည်မှန်းချက်ပန်းတိုင်ဆီကို ချဉ်းကပ်ချီတက်မယ့် နည်းလမ်းပိုင်းမှာ သဘောကွဲလွဲမှုရှိနေတဲ့အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်မှု အားနည်းနေတယ်လို့ထင်ပါတယ်။ ဒီလို ကွဲလွဲမှုတွေကို နည်းပါးသွားအောင် ကူညီညှိနှိုင်းပေးဖို့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက မြန်မာနိုင်ငံအပေါ် စိတ်ဝင်တစားစေတနာထားပြီး လာရောက်ကူညီတာဟာ နိုင်ငံအကျိုး၊ အမျိုးသားအကျိုးလိုလားတဲ့ မြန်မာပြည်သူတိုင်းက စိတ်သဘောရိုးရိုးနဲ့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရမယ့်ကိစ္စပါ။

ဒီလို ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ ကိုယ်စားလှယ်တွေ၊ အထူးအစီရင်ခံစာတင်သွင်းသူတွေ လာရောက်ပြီး ကူညီကြတဲ့နေရာမှာ မြန်မာ့နိုင်ငံရေးရဲ့ ထူးခြားတဲ့သဘောသဘာဝတွေကြောင့်ရော၊ ပြင်ပက ပယောဂတွေ၊ ဖိအားပေးမှုတွေရဲ့ သက်ရောက်မှုတွေကြောင့်ပါ စိန်ခေါ်မှုတွေနဲ့ တွေ့ကြုံရတတ်တာလည်း ဖြစ်တတ်တဲ့သဘာဝပါပဲ။ ကိစ္စတစ်ခုကို ဖြေရှင်းတယ်ဆိုကတည်းက 'အရှုပ်ရှိလို့ဖြေ၊အထွေးရှိလို့ရှင်း' ကြရတာ ဖြစ်ပါတယ်။ ဒါကြောင့် ရှုပ်ထွေးမှုရှိတဲ့ ဘယ်ကိစ္စမှ လွယ်လွယ်ကူကူနဲ့တော့ ဖြေရှင်းနိုင်ကြတာမဟုတ်ပါဘူး။ အရေးအကြီးဆုံးက ကာယကံရှင်နှစ်ဦးနှစ်ဖက်နဲ့ ကြားဝင် ကူညီတဲ့သူ၊ သုံးဦးသုံးဖလှယ်အကြားမှာ စေတနာမှန်မှန်နဲ့ ထိတွေ့ဆက်ဆံပြီးသံသယတွေ အာဃာတအစွဲတွေကိုဖျောက်၊ ယုံကြည်မှုကို တည်ဆောက်၊ တူညီတဲ့ပန်းတိုင်အတွက် ညီညွတ်မျှတပြီး အလုပ်ဖြစ်နိုင်တဲ့ လက်တွေ့ကျတဲ့ အဖြေတစ်ခုကို ရအောင်ရှာကြဖို့ပဲ ဖြစ်ပါတယ်။ တစ်ဦးချင်း အကျိုးစီးပွား၊ တစ်အုပ်စုချင်း အကျိုးစီးပွားထက် အားလုံးရဲ့ အကျိုးစီးပွားကို ပိုပြီးဦးစားပေး အလေးထားကာ ဖြေရှင်းကြမယ်ဆိုရင် ဒီအဖြေကို မတွေ့စရာမရှိဘူးလို့ ထင်ပါတယ်။

၂၀၁၀ ပြည့်နှစ်မှာ ဒီမိုကရေစီနိုင်ငံသစ်ကိုစပြီး အုတ်မြစ်ချတော့မယ့် နိုင်ငံအတွက် အရေးပါတဲ့ အလှည့်အပြောင်းကာလ နီးလာတာနဲ့အမျှ မြန်မာ့အရေးကိစ္စမှာ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ ပါဝင်ကူညီဆောင်ရွက်ပေးမှုတွေဟာလည်း တိုးတက်မှုအရှိန်အဟုန်တွေ ပိုပြီးရလာတယ်လို့ ပြည်သူတစ်ယောက်အနေနဲ့ ခံစားရှုမြင်မိပါတယ်။

မကြာခင်ကလာသွားခဲ့တဲ့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီရဲ့ခရီးစဉ်မှာဆိုရင်လည်း သုံးဦးသုံးဖလှယ်အတွက် အပေါင်းလက္ခဏာဆောင်တဲ့ ရလဒ်တွေ အနည်းနဲ့အများ ရခဲ့တယ်လို့ ထင်မြင်ယူဆမိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း မစ္စတာဂမ်ဘာရီရဲ့ ဆန္ဒအတိုင်း တွေ့ဆုံလိုသူတွေနဲ့ တွေ့ဆုံနိုင်အောင် စီစဉ်ပေးခဲ့သလို၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တွေကိုလည်း သူတို့ရဲ့ဆန္ဒအတိုင်း မစ္စတာဂမ်ဘာရီနဲ့ မတွေ့ဆုံမီမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးပြီးမှ မစ္စတာဂမ်ဘာရီနဲ့ တပေါင်းတည်း တွေ့ဆုံဖို့ စီစဉ်ပေးခဲ့တာ စေတနာမှန်နဲ့ လိုက်လျောမှုတွေကို ပြသခဲ့တာပဲလို့ ထင်ပါတယ်။ ဒ့ါအပြင် မစ္စတာဂမ်ဘာရီရဲ့ ယခင်ခရီးစဉ်က အကြံပြုချက်ကို အလေးထားတဲ့အနေနဲ့ အကျဉ်းထောင်အသီးသီးက အကျဉ်းသားပေါင်း ကိုးထောင်ကျော်ကို လွှတ်ငြိမ်းခွင့်ပေးခဲ့တာလည်း ဘယ်သူတွေ ကျေးဇူးတင်တင် မတင်တင် လွှတ်မြောက်လာတဲ့သူတွေ အများစုကြီးကတော့ နိုင်ငံတော် အစိုးရကိုရော မစ္စတာဂမ်ဘာရီကိုပါ ကျေးဇူးတင်ကြမှာပါ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့လည်း နိုင်ငံတော်အစိုးရနဲ့ သဘောထားတူတာ၊ မတူတာ တစ်ပိုင်းထားပြီး မစ္စတာဂမ်ဘာရီကို မိမိတို့ရဲ့ အမြင်သဘောထားတွေ တစုတစည်းတည်း ပြောဆိုတင်ပြခွင့်ရတာဟာ အများကြီးအကျိုးရှိမှာ ဖြစ်ပါတယ်။ မစ္စတာဂမ်ဘာရီအနေနဲ့လည်း မြန်မာ့နိုင်ငံရေးရဲ့ ပကတိအခြေအနေတွေကို ရနိုင်သမျှ အချိန်အတွင်းမှာ ဘက်ပေါင်းစုံက လက်တွေ့သိမြင်နားကြားနိုင်ခွင့်ရရှိခဲ့ပြီး တစ်ကြိမ်ထက်တစ်ကြိမ် အဖြစ်မှန်တွေကို ပိုမိုနားလည်သဘောပေါက်လာနိုင်တာဟာ တကယ့်အကျိုးအမြတ်ကြီးတစ်ခုပါပဲ၊ ဒ့ါအပြင် မိမိရဲ့ အကြံပြုချက်တွေဟာလည်း အနည်းနဲ့အများဆိုသလို လက်တွေ့အရာထင်လာခဲ့ပြီး မြန်မာအစိုးရဘက်ကအပြုသဘော ဆောင်ရွက်ပေးခဲ့မှုတွေဟာခရီးစဉ်ရဲ့ အောင်မြင်မှုလို့ ဆိုနိုင်ပါလိမ့်မယ်။

အလားတူပဲ ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ်အိုဟေးကင်တားနားရဲ့ အခုပြီးခဲ့တဲ့ မြန်မာနိုင်ငံခရီးစဉ်မှာလည်း အပြုသဘောဆောင်တဲ့ ဖြစ်ထွန်းမှုတွေ အတော်များများတွေ့မိပါတယ်။ မစ္စတာကင်တားနားရဲ့ ခရီးစဉ်မှာ လူ့အခွင့်အရေးဆိုင်ရာ တကယ့်မြေပြင်အခြေအနေတွေကို စိတ်ကြိုက်သီးသန့်လွတ်လပ်စွာ လေ့လာစုံစမ်းနိုင်ဖို့ ဘားအံနဲ့ရန်ကုန် အကျဉ်းထောင်တွေမှာဝင်ရောက်လေ့လာတဲ့အစီအစဉ်တွေ ဆောင်ရွက်ပေးခဲ့သလို နယ်စွန်နယ်ဖျားဒေသ တိုင်းရင်းသားတွေရဲ့လူ့အခွင့်အရေးဆိုင်ရာ ပကတိအခြေအနေမှန်တွေကို သိရှိနိုင်စေဖို့ ဒေသခံ ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးနိုင်အောင် စီစဉ်ပေးခဲ့တာထူးခြားပြီး အကျိုးရှိတဲ့ လုပ်ရပ်တစ်ခုလို့ မြင်ပါတယ်။ ဘာလို့လဲဆိုတော့ အရင်ကဆိုရင် အထူးအစီရင်ခံစာ တင်သွင်းသူတွေဟာ နယ်စပ်တစ်ဖက်ကမ်းက ပြည်ပြေးအုပ်စုတွေနဲ့ သောင်းကျန်းသူအကြွင်းအကျန်တွေနဲ့ပဲထိတွေ့ သတင်းရယူခဲ့ကြတော့ တစ်ဖက်အမြင်တစ်ခုတည်းကိုပဲ သိခွင့်ရခဲ့ကြတာဖြစ်ပါတယ်။အခုတစ်ခေါက်မှာတော့ Seeing is believing ဆိုတဲ့အတိုင်း ဒေသခံပြည်သူတွေရဲ့ ပကတိအခြေအနေတွေကို ကိုယ်တွေ့မျက်မြင်သိရှိသွားနိုင်မှာဖြစ်ပါတယ်။ဒါ့အပြင်လူ့အခွင့်အရေးထိန်းသိမ်း စောင့်ရှောက်ရေးအတွက် နိုင်ငံတော်အပိုင်းက တာဝန်ရှိသူတွေဖြစ်တဲ့ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ပြည်ထဲရေးဝန်ကြီး စတဲ့ ပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံပြီး နိုင်ငံတော်အစိုးရက ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေကို လေ့လာနိုင်ခဲ့သလို၊ အမြင်ချင်းဖလှယ်ပြီး လိုအပ်တာတွေကို အကြံပြုနိုင်ခဲ့တာ၊ နိုင်ငံတော် အစိုးရဘက်က အပြုသဘောဆောင်တဲ့တုံ့ပြန်မှုတွေ မစ္စတာကင်တားနားရဲ့အကြံပြုချက်ကို အလေးထားစဉ်းစားပြီး ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူခဲ့တာတွေဟာ ထူးခြားတဲ့ တိုးတက်ဖြစ်ထွန်းမှုတွေလို့ ဆိုနိုင်ပါတယ်။ ဒီခရီးစဉ်ရဲ့ နောက်ဆက်တွဲရလဒ်အဖြစ် အကျဉ်းထောင်တွေက နောက်ထပ် အကျဉ်းသားပေါင်း ခြောက်ထောင်ကျော် (၆၃၁၃) ဦးကို ထပ်ပြီး လွှတ်ငြိမ်းခွင့်ပေးခဲ့တာဟာလည်း နောက်ထပ် အပြုသဘောဆောင်တဲ့ကိစ္စလို့ ဆိုရမှာပါပဲ။

ဘာပဲဖြစ်ဖြစ် 'ကျားကျားမီးယပ်'ဆိုတာလို ဒီပုဂ္ဂိုလ်ကြီးတွေရဲ့ ခရီးစဉ်တွေကို ကြံဖန်အပြစ်တင်တဲ့သူတွေ၊ မယုံသင်္ကာစိတ်နဲ့ ပူးပေါင်းပါဝင်ဖို့ ဝန်လေးနေတဲ့သူတွေ ဒီခရီးစဉ်တွေကို နိုင်ငံရေးကျားကွက်တစ်ခုလို သဘောထားပြီး အတက်အဆုတ်၊ အလှုပ်အရှားတွေနဲ့ ကစားချင်တဲ့သူတွေလည်း ရှိနေကောင်းရှိနေဦးမှာပါပဲ၊ အရည်အသွေး အကျင့်စာရိတ္တနဲ့ အရည်အချင်းစစ်စာမေးပွဲဆိုတာမရှိတဲ့ နိုင်ငံရေးနယ်ပယ်မှာ အစိုးရကိုများများတွယ်ပြီး လေနဲ့အပုပ်ချနိုင်လေလေ၊ လက်ခုပ်သံရလေလေ ဆိုတဲ့ဖော်မြူလာနဲ့ လုပ်စားချင်ကြတဲ့နိုင်ငံရေး 'လုပ်'စားသူတွေကလည်း ရှိနေကြတာမို့လို့ပါ။

သို့သော်လည်း ဆင်ခြင်တုံတရားနဲ့ ပညာဉာဏ်ယှဉ်ပြီး သုံးသပ်လေ့လာတတ်သူတွေအတွက်ကတော့ "အပွေးမြင်၊ အပင်သိ"ဆိုတာလို အခုဖြစ်ထွန်းတိုးတက်မှုတွေက မကြာခင်မှာပေါ်ပေါက်လာတော့မယ့် ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် မှန်ကန်တဲ့လမ်းကြောင်းကို ဦးတည်နေတဲ့ အရေးပါသောခြေလှမ်းများဖြစ်တယ်ဆိုတာ နားလည်သဘောပေါက်ကြလိမ့်မယ်လို့ ထင်မြင်ယူဆမိပါတယ်။ ။

> **မြန်မာနိုင်ငံကိစ္စမှာ ဘယ်ဘက်ကိုမှမလိုက်ဘဲ ကြားထဲကအမြင်နဲ့ ပြောရရင် အစိုးရအနေနဲ့ရော၊ အစိုးရနဲ့သဘောထားမတူတဲ့ဘက်ကရော မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာစေချင်တယ်။ ဖွံ့ဖြိုးတိုးတက်စေချင်တယ်။ ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်စေချင်တယ်။ ဒီမိုကရေစီ အနှစ်သာရတွေ ပြည့်ပြည့်ဝဝ ရရှိခံစားရစေချင်တယ်ဆိုတဲ့ စေတနာဆန္ဒအားဖြင့် တစ်သဘောတည်းရှိလိမ့်မယ်လို့ ယုံကြည် ...။**

နိုင်ငံတစ်ဝန်းစိုက်ပျိုးရေရရှိရေးအတွက်
နိုင်ငံတော်အစိုးရ၏ အကောင်အထည်ဖော် ဆောင်ရွက်ချက်များ



ပဲခူးတိုင်း ကဝမြို့နယ်အတွင်းရှိ စိုက်ပျိုးမြေဧက ၃၀၀၀၀ စိုက်ပျိုးရေရရှိရေးအတွက် တည်ဆောက်ပေးထားသော ပိုင်ကျုံရေထိန်းတံခါး။



မန္တလေးတိုင်းတွင် လက်ပံခြေပေါ် မြစ်ရေတင်စက်ဖြင့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေစဉ်။

မန္တလေးတိုင်းတွင် တပ်ရွာမြစ်ရေတင်စက်ဖြင့် ရေရရှိရေးဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

ရေဝတီတိုင်း အင်ပူမြို့နယ်အတွင်း စိုက်ပျိုးရေရရှိရန်အတွက် တည်ဆောက်ပေးထားသော လယ်မြေဧက ၁၄၀၀၀ အကျိုးပြု နန့်ကာသူရေလှောင်တမံကို တွေ့ရစဉ်။

နိုင်ငံတစ်ဝန်း သီးနှံစိုက်ခွင်းအား ဖွံ့ဖြိုးတိုးတက်မှု

ဆန့်ကျင်ဘက်အဖွဲ့များက ပြည်သူအား ရိုးရိုးသားသား စည်းရုံးဆောင်ရွက်ခြင်းမပြုဘဲ လျှပ်စစ်မီးနှင့် သောက်သုံးရေကိစ္စကို ခုတုံးလုပ်ပြီး မျက်လှည့်ပြ သွေးထိုးလှုံ့ဆော်ရန် မရိုးမသား ကြိုးပမ်းကြစည်နေကြသည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံနှင့် ပြည်သူအားလုံးအတွက် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေးကို အဘက်ဘက်က အားတက်သရော ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။

နိုင်ငံတစ်ဝန်းတွင် စိုက်ပျိုးရေရရှိရေးအတွက် နိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်ပေးထားမှုများအား အောက်ဖော်ပြပါဇယားကို ကြည့်ခြင်းအားဖြင့် ထင်ရှားပေါ်လွင်စွာ သိရှိနိုင်ပါသည် -

အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၃၁-၁-၂၀၀၉	တိုးတက်မှု
ဆည်တမံပေါင်း	ခု	၁၃၈	၃၅၆	၂၁၈
မြစ်ရေတင်လုပ်ငန်းပေါင်း	ခု	၄	၃၂၂	၃၁၈
မြစ်ရေတင်လုပ်ငန်းမှ အကျိုးပြုဧက	ဧကသိန်း	၀. ၁၄	၅. ၁၄	၅
မြေအောက်ရေတွင်းပေါင်း				
- စက်ရေတွင်း	ခု	-	၄၈၉၃	၄၈၉၃
- လက်ရိုက်တွင်း	ခု	-	၂၉၇၃	၂၉၇၃
မြေအောက်ရေတွင်းများမှ အကျိုးပြုရေသောက်ဧရိယာ	ဧက	-	၉၆၀၀၀	၉၆၀၀၀

အလားတူ မန္တလေးတိုင်းအတွင်း စိုက်ပျိုးရေရရှိရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးထားမှုများအား အောက်ဖော်ပြပါဇယားကို ကြည့်ခြင်းအားဖြင့် ထင်ရှားပေါ်လွင်စွာ သိရှိနိုင်ပါသည်-

အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၃၁-၁-၂၀၀၉	တိုးတက်မှု
ဆည်တမံပေါင်း	ခု	၆၁	၁၁၃	၅၂
တည်ဆောက်ဆဲ ဆည်တမံပေါင်း	ခု	-	၇	၇
တည်ဆောက်ရန် လျာထားဆည် တမံပေါင်း	ခု	-	၁၀	၁၀

*** ရှေ့ဖုံးမှ**

ငှက်မြတ်နားတော်တို့အား ဥပါသကာများ၊ ထီးဖြူတော်များ ဆောင်းမိုးပူဇော်ကြသည့် နတ်ဒေဝါများခြံရံလျက် အထူးမော်တော်ယာဉ်ဖြင့် လည်းကောင်း စတင် ပင့်ဆောင်ပူဇော်ရာ ယဉ်ကျေးမှုဝန်ကြီးဌာန မင်္ဂလာရွှေစောင်းတော်အဖွဲ့ယာဉ်၊ သာသနာ့အလံကိုင် ဥပါသကာများနှင့် ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့ယာဉ်နှင့် ဝတ်ရွတ်အဖွဲ့ယာဉ်တို့က အစဉ်အတိုင်း လိုက်ပါပူဇော်ကြပြီး ပရိသတ်တို့က နမောတဿနှင့် ဗုဒ္ဓံသရဏံ ဂစ္ဆာမိ အစချီသော အရိယာသာဝိတ္တီ ဂါထာတော်တို့ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆို ပူဇော်ကြသည်။

ထို့နောက် မဟာဆုတောင်းပြည့် ဘုရားကြီးအား ပင့်ဆောင်လာသော ကရဝိက်ဖောင်တော်ယာဉ်နှင့် ပင့်ဆောင်ရေးအဖွဲ့ယာဉ်များသည် ခေတ္တကိန်းဝပ်စံပယ်ရာနေရာမှ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး၊ ပူဇော်ကြလျက်လည်းကောင်း အသီးသီး သဒ္ဓါကော်ရော်ပင့်ဆောင် လှူဒါန်းပူဇော်ကြသည်။

ယင်းနောက် မဟာဆုတောင်းပြည့် ဘုရားကြီး၊ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ပင့်ဆောင်လာသော ပင့်ဆောင်ရေးယာဉ်များသည် ဥပ္ပါတသန္တိစေတီတော် ရင်ပြင်တော် မြောက်ဘက်မုခ်ဦးသို့ ရောက်ရှိလာရာ မြောက်ဘက်မုခ်ဦးမှ ဂန္ဓကုဋိကျောင်းဆောင်တော်အထိ လျှောက်လမ်းဝဲယာတို့၌ အောင်အိုးကိုင် ဥပါသကာများ၊ သာသနာ့အလံကိုင် ဥပါသကာများ၊ ထီးဖြူတော်မိုး သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါများ၊ ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့များနှင့် ဝတ်ရွတ်အဖွဲ့များက ကြိုဆိုပူဇော်ကြသည်။

ဆက်လက်၍ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်ရေးအဖွဲ့များက ရင်ပြင်တော်ရှိ ဓမ္မာရုံတော်ကြီးသို့ ပင့်ဆောင်ကြသည်။

ဌာပနာတော်များ ထည့်သွင်းပူဇော်

ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ဗုဒ္ဓါသန ပလ္လင်တော်အတွင်းသို့ ဌာပနာတော်များကို ထည့်သွင်းပူဇော်စဉ်။
(သတင်းစဉ်)

စံပယ်တော်မူသည့် မဟာဆုတောင်းပြည့် ဘုရားကြီးသည် စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ဗောဓိတစ်ထောင်ကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒ ဆရာတော်ကြီး ပျံလွန်တော်မမူမီ ဥပ္ပါတသန္တိစေတီတော်တွင် တည်ထားကိုးကွယ်နိုင်ရန်အတွက် ရည်စူး၍ ထုလုပ်ပူဇော်ခဲ့သော ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဖြစ်သည်။

ဆက်လက်၍ မဟာတံခွန်တိုင်တော် ဖွင့်လှစ်ခြင်း မင်္ဂလာအခမ်းအနားကို စေတီတော် အရှေ့တောင်ထောင့်ရှိ

ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး အမှူးပြုသော ပရိသတ်များ မဟာဆုတောင်းပြည့်ဘုရားကြီးနှင့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ပင့်ဆောင်ခြင်း၊ မဟာတံခွန်တိုင်တော်ဖွင့်လှစ်ခြင်းနှင့် ဗုဒ္ဓဝေယျာဝစ္စကုသိုလ်တော် ရေစက်ချမင်္ဂလာ အခမ်းအနားတွင် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။
(သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ မဟာဆုတောင်းပြည့်ဘုရားကြီးအား ပူဇော်ကြည်ညိုကြစဉ်။
(သတင်းစဉ်)

ပင်လောင်းလမ်းဆုံ၊ ရာဇဌာနီလမ်းတို့အတိုင်း ဥပ္ပါတသန္တိစေတီတော်ရင်ပြင်သို့ ပင့်ဆောင်လာကြရာ ပရိသတ်တို့က နမောတဿနှင့် ဗုဒ္ဓံသရဏံ ဂစ္ဆာမိ အစချီသော အရိယာ သာဝိတ္တီ ဂါထာတော်တို့ကို သံပြိုင်ညီညာရွတ်ဆိုကြလျက် လည်းကောင်း၊ မင်္ဂလာရွှေစောင်းတော်အဖွဲ့က သာယာငြိမ့်ညောင်းသော မင်္ဂလာဓမ္မသံစဉ်များ တီးခတ်ကြလျက် လည်းကောင်း၊ လမ်းတစ်လျှောက်၌ ဒေသခံပြည်သူများက ပန်းမန် နံ့သာ ပူဇော်ဖွယ်ရာများဖြင့်

ထို့နောက် အခမ်းအနားမှူးက ဂန္ဓကုဋိပွဝေသန ကျောင်းဆောင်တော်ပင့်ဂါထာကို ဖတ်ကြား၍ မဟာဆုတောင်းပြည့်ဘုရားကြီးအား ဂန္ဓကုဋိကျောင်းဆောင်တော်သို့ ကြွရောက်အပူဇော်ခံတော်မူပါရန် တောင်းပန်လျှောက်ထားပြီး ပရိသတ်တို့က နမောတဿနှင့် ဗုဒ္ဓံသရဏံ ဂစ္ဆာမိ အစချီသော အရိယာ သာဝိတ္တီဂါထာတော်တို့ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆို ပူဇော်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် မဟာဆုတောင်းပြည့်ဘုရားကြီးအား အောင်အိုးကိုင် ဥပါသကာများ၊ သာသနာ့အလံကိုင် ဥပါသကာများ၊ ထီးဖြူတော်မိုး သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါများနှင့် ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံခင်းကျင်းလျက် ဂန္ဓကုဋိကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓါသန ပလ္လင်တော်ဌာနသို့ ပင့်ဆောင်ကြသည်။

ဆက်လက်၍ အခမ်းအနားမှူးက ရောင်ခြည်တော်ဖွင့် ပလ္လင်ပင့်ဂါထာကို ဖတ်ကြားပြီးနောက် ဥပါသကာများက

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်တို့ မဟာတံခွန်တိုင်တော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

မဟာဆုတောင်းပြည့် ဘုရားကြီးအား ထီးဖြူတော်နှစ်လက်ဖွင့်၍ ဆောင်းမိုးပူဇော်ကြပြီး မဟာဆုတောင်းပြည့် ဘုရားကြီးအား ဗုဒ္ဓါသနပလ္လင်တော် ဌာန၌ အပူဇော်ခံ ပင့်ဆောင်ထားရှိကြသည်။

ထို့နောက် စေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် မဟာဆုတောင်းပြည့်ဘုရားကြီးအား ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်နှင့် သောက်တော်ရေတို့ကို ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များက ဘဝတု သဗ္ဗမင်္ဂလံနှင့် ဇယန္တော ဗောဓိယာမူလေ အစရှိသော ပလ္လင်တော်အောင်ခြင်း ဂါထာတော်တို့ကို ရွတ်ပွားသရဇ္ဈာယ် ပူဇော်တော်မူကြပြီး ပရိသတ်တို့က နမောတဿနှင့် ဗုဒ္ဓံသရဏံ ဂစ္ဆာမိ အစချီသော အရိယာ သာဝိတ္တီဂါထာတို့ကို သံပြိုင်ညီညာ သုံးကြိမ် ရွတ်ဆိုပူဇော် ကန်တော့ကြသည်။

အဆိုပါ မင်္ဂလာအခမ်းအနား မကျင်းပမီ အကြိုလုပ်ငန်းအဖြစ် ကိန်းဝပ်စံပယ်တော်မူမည့် ဗုဒ္ဓါသန ပလ္လင်တော် ဌာပနာသွင်းမင်္ဂလာ အခမ်းအနားကို နံနက် ၇ နာရီ မိနစ် ၅၀ တွင် ဥပ္ပါတသန္တိစေတီတော်ရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်မြို့ ရွှေသုဝဏ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသဒ္ဓိယနှင့် မုံရွာမြို့နယ် ဗောဓိတစ်ထောင်ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တသောဘိတတို့ အမှူးပြု၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အလှူရှင်များက ဗုဒ္ဓါသနပလ္လင်တော်တွင် ထည့်သွင်းပူဇော်မည့် ဌာပနာတော်များကို စေတီတော်ရင်ပြင်ရှိ ဓမ္မာရုံတော်ကြီးမှ ဥပ္ပါတသန္တိစေတီတော် မဟာဆုတောင်းပြည့်ဘုရားကြီး ဂန္ဓကုဋိကျောင်းဆောင်တော်သို့ ပင့်ဆောင်ကြသည်။

ထို့နောက် ဆရာတော်ကြီးများနှင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တို့က ဗုဒ္ဓါသနပလ္လင်တော်အတွင်းသို့ ဌာပနာတော်များကို အစီအစဉ်အတိုင်း ထည့်သွင်း ပူဇော်ကြပြီး အတွင်းရေးမှူး(၁) က ဌာပနာတော်တိုက်အတွင်း ကျောက်သံပတ္တမြားများအား ထည့်သွင်း ပူဇော်ကာ ဌာပနာတော်တိုက်ကို ဖုံးအုပ်ပေးသည်။

ယင်းနောက် ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော်များက ဘဝတု သဗ္ဗမင်္ဂလံ သုံးဂါထာကို ရွတ်ပွားချီးမြှင့်ကြသည်။

အဆိုပါ ဥပ္ပါတသန္တိစေတီတော် ဂန္ဓကုဋိကျောင်းဆောင်တော်၌ ကိန်းဝပ် မဟာတံခွန်တိုင်တော်ရှေ့၌ ကျင်းပရာ စေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ တိုင်းမှူးနှင့် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများသည် ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံလျက် မဟာတံခွန်တိုင်တော်ရှေ့၌ နေရာယူကြသည်။

ထို့နောက် အခမ်းအနားမှူး သဒ္ဓမ္မဇောတိကဓဇ ဦးသူရက သာသန မဟာဓဇဂ္ဂ ဝိဝရဏပူဇာ မဟာတံခွန်တိုင်တော် ဖွင့်လှစ်ပူဇော်ခြင်းမင်္ဂလာ ဇေပိုဒ် ရတုကို ဖတ်ကြားပူဇော်သည်။

ယင်းနောက် နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့က မဟာတံခွန်တိုင်တော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စံပယ်တော်မူသည့် မဟာဆုတောင်းပြည့် ဘုရားကြီးသည် စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ဗောဓိတစ်ထောင်ကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒ ဆရာတော်ကြီး ပျံလွန်တော်မမူမီ ဥပ္ပါတသန္တိစေတီတော်တွင် တည်ထားကိုးကွယ်နိုင်ရန်အတွက် ရည်စူး၍ ထုလုပ်ပူဇော်ခဲ့သော ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဖြစ်သည်။

ဆက်လက်၍ မဟာတံခွန်တိုင်တော်ဖွင့်လှစ်ခြင်း မင်္ဂလာအခမ်းအနားကို စေတီတော် အရှေ့တောင်ထောင့်ရှိ

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးသည် မဟာတံခွန်တိုင်တော် မော်ကွန်းကမ္ပည်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကာ အခမ်းအနားမှူးက အောင်သြဘာစာတမ်းကို ဖတ်ကြားသည်။

ယင်းနောက် မဟာဆုတောင်းပြည့်ဘုရားကြီးနှင့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ပင့်ဆောင်ပူဇော်ခြင်း၊ မဟာတံခွန်တိုင်တော်ဖွင့်လှစ်ခြင်းနှင့် ဗုဒ္ဓဝေယျာဝစ္စကုသိုလ်

မဟာတံခွန်တိုင်တော်ရှေ့၌ ကျင်းပရာ စေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ တိုင်းမှူးနှင့် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများသည် ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံလျက် မဟာတံခွန်တိုင်တော်ရှေ့၌ နေရာယူကြသည်။

ထို့နောက် အခမ်းအနားမှူး သဒ္ဓမ္မဇောတိကဓဇ ဦးသူရက သာသန မဟာဗေဂ္ဂ ဝိဝရဏပူဇာ မဟာတံခွန်တိုင်တော် ဖွင့်လှစ်ပူဇော်ခြင်းမင်္ဂလာ ဧကပိုဒ် ရတုကို ဖတ်ကြားပူဇော်သည်။

ယင်းနောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့က မဟာတံခွန်တိုင်တော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

တော် ရေစက်ချမင်္ဂလာ အခမ်းအနားကို စေတီတော်ရင်ပြင်ရှိ ဓမ္မာရုံတော်ကြီး၌ ဆက်လက်ကျင်းပရာ ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော်တပ်ကုန်းငွေတောင်တောရကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသိရီထံမှ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များ၊ ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူကြပြီး ဆရာတော်ထံ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများ၊ ဧည့်သည်တော်များက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ၊ ပရိသတ်တို့က အနုမောဒနာတရား နာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မင်္ဂလာအခမ်းအနား အပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးသည် မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပေးသည်။

(သတင်းစဉ်)

အပူဇော်ခံ ပင့်ဆောင်

မဟာဆုတောင်းပြည့်ဘုရားကြီးအား ဂန္ဓကုဋိကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓါသနပလ္လင်တော်ဌာန၌ အပူဇော်ခံ ပင့်ဆောင်ထားစဉ်။

(သတင်းစဉ်)

ငှက်မြတ်နားတော်

ဥပ္ပါတသန္တိစေတီတော်အထွတ်၌ တင်လှူပူဇော်မည့် ငှက်မြတ်နားတော်။

(သတင်းစဉ်)

ရတနာ စိန်ဖူး တော်

ဥပ္ပါတသန္တိစေတီတော် အထွတ်၌ တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်။

(သတင်းစဉ်)



မဟာတံခွန်တိုင်တော်

နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အရှေ့တောင်ထောင့်ရှိ မဟာတံခွန်တိုင်တော်ကို တွေ့ရစဉ်။

(သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး မဟာတံခွန်တိုင်တော် မော်ကွန်းကမ္ပည်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ပင့်ဆောင်

မဟာဆုတောင်းပြည့် ဘုရားကြီးနှင့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ကရဝိက်ဖောင်တော်ယာဉ်နှင့် ပင့်ဆောင်ရေးအဖွဲ့ယာဉ်များက ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး၊ ပင်လောင်းလမ်းဆုံ၊ ရာဇဌာနီလမ်းတို့အတိုင်း ဥပ္ပါတသန္တိစေတီတော်ရင်ပြင်သို့ ပင့်ဆောင်လာကြစဉ်။

(သတင်းစဉ်)

လပွတ္တာနှင့် ဘိုကလေးမြို့နယ်ရှိ လမ်း၊ တံတားများ၊ မုန်တိုင်းဒဏ်ခံ အဆောက်အအုံများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဗိုလ်ချုပ်ကိုကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီတွင် လပွတ္တာမြို့နယ် ကိုင်းသောင်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာသောက်သုံးရေအတွက် တူးဖော်ထားသည့် စက်ရေတွင်းကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သောက်သုံးရေ ဖူလုံပိုလျှံအောင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုသည် ကိုင်းသောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံများအားတွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားကာ ကျေးရွာစာသင်ကျောင်းအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကိုသည် ကျေးလက်ကျန်းမာရေးဌာနခွဲ ကလေးလူငယ် ဖွံ့ဖြိုးရေးကျောင်းနှင့် ကျေးရွာအတွင်း ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများကို လည်းကောင်း၊ ကိုင်းသောင်ကျေးရွာသစ် တည်ဆောက်မည့် မြေနေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့နယ် ဧရာကျေးရွာရှိ ကဏန်းပျော့ မွေးမြူရေးစခန်းသို့ ရောက်ရှိကြရာ ဧည့်ခန်းမ၌ ခိုင်မာသော ချစ်ကြည်ရေးဈေးကွက် ကုမ္ပဏီလီမိတက်မှ မန်နေဂျာက ကဏန်းပျော့များ စမ်းသပ်မွေးမြူ၍ ဈေးကွက်သို့ ရောင်းချနေမှုနှင့် မွေးမြူရေးကန်များ တိုးချဲ့ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ကိုကိုသည် ရောင်းတမ်းဝင် ကဏန်းပျော့များ ထုပ်ပိုးနေမှုနှင့် ကဏန်းပျော့ မွေးမြူထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဧရာကျေးရွာ၌ လေမုန်တိုင်းဒဏ်ခံ အဆောက်အအုံ (Cyclone Shelter) တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဒိုင်းမွန်းမာကျူရီကုမ္ပဏီမှ တာဝန်ရှိသူက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ကိုကိုက လိုအပ်သည်များကို မှာကြားကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဧရာကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ စာပေသင်ကြားနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဗိုလ်ချုပ်ကိုကိုနှင့် တိုင်းမှူးတို့က ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့နယ် ရွှေပြည်အေး(ထော်ပိုင်) ကျေးရွာသို့ ရောက်ရှိကြကာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ စာပေသင်ကြားနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ဗိုလ်ချုပ်ကိုကိုက ကျောင်းသုံးဗလာစာအုပ်များကို လည်းကောင်း၊ တိုင်းမှူးက အဝတ်အထည်နှင့် စာရေးကိရိယာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ဘိုကလေးမြို့နယ် ရွှေပြည်အေး(ထော်ပိုင်)ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ စာပေသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်ကိုကိုနှင့် တိုင်းမှူးတို့သည် Unicef က လှူဒါန်းသည့် ရေသန့်စင်စက်မှ ကျေးလက်သောက်သုံးရေ ရရှိအောင် ဆောင်ရွက်ထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့နယ် စိန်ရတီကျေးရွာသို့ ရောက်ရှိကြပြီး ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မအူပင်ခရိုင် အင်ဂျင်နီယာမှူးက လမ်းအပိုင်းလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ဖျာပုံခရိုင် အင်ဂျင်နီယာမှူးက ကျုံကဒွန်း-စက်ဆန်းလမ်း မိုင် ၂၀ တွင် အမာခံလမ်းနှင့် မြေသားလမ်း ဖောက်လုပ်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် ဗိုလ်ချုပ်ကိုကိုက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် စက်ဆန်း-ကျုံကဒွန်းကားလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကြပြီး ဆက်လက်ထွက်ခွာလာရာ ကသမျှင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိကြ၍ ဗိုလ်ချုပ်ကိုကိုက ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် အဝတ်အထည်များကို ထောက်ပံ့ပေးအပ်သည်။ (သတင်းစဉ်)

▲ ကျောဖုံးမှ

အစေးလီးဇကေ ၆၀ ရာခိုင်နှုန်း၊ ရော်ဘာအစေးထုတ်လုပ်နိုင်မှု ၆၂ ရာခိုင်နှုန်း ရှိတဲ့အတွက် အချိုးအားဖြင့် အများဆုံး ထုတ်လုပ်နိုင်တဲ့ ပြည်နယ်ဖြစ်လာခဲ့ပါတယ်။

မွန်ပြည်နယ်ကို ရော်ဘာပြည်နယ်ဖြစ်စေရေး ရည်မှန်းချက်နဲ့အညီ စိုက်ဇကေ လေးသိန်း လျာထားခဲ့တဲ့အနက် ယခု ၂၀၀၈-၂၀၀၉ခုနှစ်မှာ စိုက်ဇကေ ၄၀၇၈၇၉ စိုက်ပျိုးပြီးဖြစ်တဲ့အတွက် ရည်မှန်းချက် ပြည့်မီကျော်လွန်ကြောင်း သိရပါတယ်။

စိုက်ပျိုးပြီး ဇကေလေးသိန်းက အစေးလီးဇကေ သုံးသိန်း ရရှိချိန်မှာ ရော်ဘာတန်တစ်သိန်း ထုတ်လုပ်နိုင်ရေးအတွက် ဆက်လက် ကြိုးပမ်းဆောင်ရွက်နေကြပါတယ်။

ဒီလို ရော်ဘာစိုက်ပျိုးမှုနဲ့ အထွက်နှုန်းများ တိုးတက်ရခြင်းကလည်း "နိုင်ငံတော်က ရော်ဘာစိုက်ပျိုးလိုသူများအတွက် စိုက်ပျိုးမြေ အလွယ်တကူ ရရှိလုပ်ကိုင်နိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်းနဲ့ ခေတ်မီ စိုက်ပျိုးရေးနည်းပညာများ ရရှိတတ်ကျွမ်းစေရေး" အတွက် ပံ့ပိုးဖြည့်ဆည်းပေးခြင်းက တစ်ကြောင်း၊ ဒေသအတွင်း တည်ငြိမ်အေးချမ်းလာတဲ့ အခြေခံရလဒ်ကောင်းများကြောင့်တစ်ကြောင်းလို့ သုံးသပ်ဆိုရပါမယ်။

ကျွန်တော်တို့ သတင်းအဖွဲ့ဟာ မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာရှိ နှစ်ရှည်ပင်များ အသုံးချသုတေသနဌာန၊ မုဒုံမြို့နယ် ကျုံဖိုက်ကျေးရွာရှိ ရော်ဘာသုတေသနနှင့် မျိုးပွားခြံတို့အပြင် ရော်ဘာသစ် စမ်းသပ်ထုတ်လုပ်ရေးဌာနနဲ့ ကျုံဖိုက်ခရမ့်စက်ရုံကိုပါ လှည့်လည်လေ့လာခွင့်ရခဲ့ပါတယ်။

တကယ်တော့ သုတေသနဆိုတာ လုပ်ငန်းတစ်ခု မစတင်မီ သင့်၏၊ မသင့်၏၊ တော်၏၊ မတော်၏ဆိုတဲ့ ရလဒ်တစ်ခုအတွက် စမ်းသပ်သုံးသပ် ဝေဖန်စေ့ငုရတဲ့ မရှိမဖြစ်တဲ့ ကနဦး ရှေ့တော်ပြေး လုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။

ဖားအောက်ကျေးရွာရှိ နှစ်ရှည်ပင်များ အသုံးချရေး သုတေသနဌာနမှာ မျိုးကောင်းမျိုးသန့်များကို သုတေသနပြုလျက်ရှိပြီး ဒေသနဲ့ကိုက်ညီတဲ့ မျိုးများကို ထောက်ခံဆောင်ရွက်ပေးနေပါတယ်။ ငါးနှစ်ဆက်တိုက် သုတေသနပြုချက်အရ BPM-24၊ BP-235 နဲ့ RRIC-100

တို့ဟာ အထွက်ကောင်းတဲ့ ရော်ဘာမျိုးများအဖြစ် တွေ့ရှိခဲ့ကြပါတယ်။

ဒါပေမယ့် အချို့ရော်ဘာစိုက်တောင်သူတွေဟာ ပြည်ပက တိုက်ရိုက်တင်သွင်းလာတဲ့ အခြားမျိုးတွေကို ကိုယ့်သဘောနဲ့ ကိုယ် စိုက်ပျိုးခဲ့ကြပြီး ရေမြေသဘာဝ၊ ရာသီဥတုနဲ့ မကိုက်ညီခြင်းကြောင့် အရှုံးပေါ်ခဲ့ကြောင်းလည်း သိရတဲ့အတွက် ဌာနက သုတေသနပြုချက်တွေကို အလေးထားဖို့ နှိုးဆော်ချင်ပါတယ်။

ကျုံဖိုက်ရွာက ရော်ဘာသုတေသနနှင့် မျိုးပွားခြံမှာတော့ ရော်ဘာမျိုးကောင်း၊ မျိုးသန့်များကို နှစ်စဉ် မျိုးပွားထုတ်လုပ်ပေးလျက်ရှိရာမှာ ယခု ၂၀၀၈-၂၀၀၉ ခုနှစ်မှာ ဖူးဆက်ပျိုးပင်သုံးသိန်း ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရပါတယ်။

အရည်အသွေးမြင့် ရော်ဘာ(ခရမ့်) စက်ရုံကတော့ ရော်ဘာအစေးရည်မှ အဝါရောင်ခရမ့်နဲ့ ဆွဲဖက်၊ ခွက်ကပ်များမှ အခု ခိုရောင်ခရမ့်တို့ကို ထုတ်လုပ်လျက်ရှိပါတယ်။ ယခု ၂၀၀၈-၂၀၀၉ ခုနှစ်မှာ တန် ၁၂၀၀ ထုတ်လုပ်ရန် လျာထားတဲ့အနက် တန် ၁၅၀၀ အထိ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရပါတယ်။

ပြည်နယ်အတွင်းရှိ ရော်ဘာသစ်စက်သုံးစက်မှလည်း ရော်ဘာသစ်များ ထုတ်လုပ်ပေးနေပါတယ်။ သက်တမ်း နှစ် ၃၀ ကျော်လွန်ပြီး အစေးအထွက်မကောင်းတော့တဲ့ ရော်ဘာပင်အိုများကို ခုတ်လှဲပြီး ရော်ဘာသစ်အဖြစ် ထုတ်လုပ်နေခြင်းဖြစ်ပါတယ်။ မော်လမြိုင်မြို့နယ် ရိုးရိုးကျေးရွာရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းပိုင် ရော်ဘာသစ်စက်က ရော်ဘာသစ်တန် ၄၆၄တန် လျာထား ထုတ်လုပ်လျက်ရှိပါတယ်။ လုပ်ငန်းအဆင့်ဆင့်အဖြစ် ခုတ်လှဲပြီး ရော်ဘာသစ်များကို သုံးရက်အတွင်း ပို့ဆောင်ပြီး ၂၄ နာရီအတွင်း ခွဲစိတ်ပိုင်းဖြတ် ဆေးစိမ်ရပါတယ်။ ဒီနောက်မှာ ဘွိုင်လာပေးထားတဲ့ အခြောက်ခံခန်းထဲမှာ အခြောက်ခံယူရပါတယ်။ တစ်တန်ကို စက်ရုံရောင်းဈေး ငွေကျပ် လေးသိန်းရှိပါတယ်။ရော်ဘာတစ်ဇကေကို ရောင်းတမ်းဝင် ရော်ဘာသစ် လေးတန်၊ငါးတန်ထုတ်ယူနိုင်ကြောင်းလည်း သိရပါတယ်။ အစေးအထွက်နည်းသည့် ပင်အိုများကို ခုတ်လှဲပြီး မျိုးကောင်းမျိုးသန့်များကို ပြန်လည်စိုက်ပျိုးရန်အတွက် ရင်းနှီးမြှုပ်နှံနိုင်ပါတယ်။

ရောင်းတမ်းဝင် ရော်ဘာသစ်မှ ပရိဘောဂ ပစ္စည်းများ အပါအဝင် ရော်ဘာ ကုန်ချောပစ္စည်းများကို ဤသို့ ထုတ်လုပ်ထားသည်မှာ-

မွန်ပြည်နယ်အတွင်း သတင်းရှာပုံတော်ဖွင့်ခဲ့တဲ့ သတင်းခရီးသည် ကျွန်တော်တို့သတင်းအဖွဲ့ဟာ ရော်ဘာခြံပေါင်းများစွာကို တစ်ခြံခုန်၊ တစ်ခြံကူးရင်း အချိန်တန်တော့ အိပ်တန်းတက်ရာအရပ်ကို ပြန်ခဲ့ကြပါတယ်။

ခရီးစဉ်တစ်ခုလုံးရဲ့ အနှစ်ချုပ်သုံးသပ်ချက်ကို ထုတ်နုတ်လို့တင်ပြရရင် "ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ ပြည်ထောင်စုစိတ်ဓာတ် အရင်းတည်ပြီး ပြည်ထောင်စုသားတိုင်းအပေါ် မျှတစွာထားရှိတဲ့ နိုင်ငံတော်ရဲ့ စေတနာတရားတွေရယ်၊တကယ်လုပ် အဟုတ်ဖြစ်ရမယ်" ဆိုတဲ့ သန္နိဋ္ဌာန် ခံယူချက်တွေရယ်ကြောင့် မွန်ပြည်နယ်အပါအဝင် ပြည်ထောင်စုကြီးတစ်ခုလုံးမှာ ယခုလို အခြေခံရလဒ်ကောင်းများကို ကဏ္ဍအလိုက် ဖော်ဆောင် တည်ဆောက်နိုင်ခြင်းပဲဖြစ်တယ်လို့ သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

ရော်ဘာပြား နမူနာများကို ထုတ်လုပ်ထားစဉ်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၂-၂၀၀၉ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ဒါရုက္ခန္ဓောပမသုတ္တန်"တရားတော် (ရေနံချောင်းဆရာတော်ဘဒ္ဒန္တဇနိတ)
၈း၀၀ - ၂း၀၀	Sunday Talk [ကိုကို(စက်မှုတက္ကသိုလ်)၊ မျိုးမြတ်သူ]
၈း၅၀ - ၂း၅၀	Soccer Update
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀	ရာဇဝင်မြစ်ကမ်းပေါ်မှ-----နားခိုရာ
၉း၅၀ - ၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅ - ၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀ - ၄း၀၀	ကမ္ဘာ့အားကစားဇာတ်ခုံ
၁၀း၃၀ - ၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅ - ၄း၃၅	အနာကြီးရောဂါကင်းဝေးရေးဆောင်ရွက်ချက်များ (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာကျော်မြင့်)
၁၁း၀၀ - ၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀ - ၅း၁၀	မြေလတ်ရဲ့ဆည်ကန်သာ မဒေးရေလှောင်တမံပါ
၁၁း၂၅ - ၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀ - ၅း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅ - ၅း၃၅	Activities In The City (ရန်ကုန်စက်မှုတက္ကသိုလ်မြတ်ဆရာပူဇော်ပွဲ)
၁၁း၅၅ - ၅း၅၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ညွှန့်ညွှန့်စိန်)
၁၂း၂၅ - ၆း၂၅	International Video Topics (ကမ္ဘာဦးသတ္တဝါကြီးအားခွဲစိတ်ခြင်း)
၁၂း၅၀ - ၆း၅၀	ကြည်ညိုဖူးမြော်ရှင်ပင်စက္ကိန်းတဲစေတီတော်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၅၅	Fulham - West Bromwich	ESPN(Live)
၉း၂၅	Liverpool - Man City	STAR SPORTS (Live)
၁၀း၂၅	Newcastle - Everton	ESPN(Live)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"**အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

၎င်းစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဖေဖော်ဝါရီလ ၂၁ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံလျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့်ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်ရန် ရတနာပစ္စည်းများ	ကိုယ်တိုင်ကိုယ်ကျ ထည့်သွင်းပူဇော်နိုင်ရန် ပန်းထိမ်အဖွဲ့များ တစ်ပါတည်း ထားရှိပေးမည်။
(၂)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း
(၃)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ရတနာပစ္စည်းများ ထည့်သွင်းပူဇော်လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော်ကုန်းတော်၊ ဓမ္မာရုံရှိ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီသို့ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၅)အမှတ် (၈) ဖြန့်ချီ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၅) အမှတ် (၈)၌ 'မြန်မာငွေတန်ဖိုးတက်လာခြင်းလား' စီးပွားရေးပညာရှင် ဒေါက်တာ အောင်ကိုကိုနှင့် ဖလားဝါးနယူးစ်တို့ တွေ့ဆုံမေးမြန်းခြင်း အင်တာဗျူးဆောင်းပါးနှင့်အတူ မြန်မာ့ထွက်ကုန်လေးထောင်ကျော် ကိုရီးယားသို့ အကောက်ခွန်မဲ့ တင်ပို့နိုင်ပြီ၊ ပဲလောကအရှုပ်အထွေးဖြစ်ချိန် မတ်ပဲအများဆုံးဈေးကစားခံခဲ့ရ၊ မင်္ဂလာပွဲတွင် ရွှေအစစ်လက်ဝတ်ရတနာ ဆင်မြန်းလိုသူများအတွက် ဝန်ဆောင်မှုပေးနေ၊ ကမ္ဘာတစ်ဝန်းတွင် လုပ်သားလျှော့ချမှုများ ရှိသော်လည်း မြန်မာသင်္ဘောသားတို့အတွက် အလုပ်မရှား၊ ဝန်ထမ်းများ အရည်အသွေးတိုးတက်စေမည့် ဘာသာရပ်များ ဖွင့်လှစ်ပို့ချမည် စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ သူ့ဘဝ သူ့ဒဿန 'ဒါဟာသမ္မာအာဇီဝကျတဲ့အလုပ်၊ သူများကို အမြတ်ထုတ်တာမဟုတ်ဘူး၊ ဈေးရောင်းပြီး ဘဝကို တိုးတက်အောင် ကြိုးစားမယ်' ဦးသာထူး (တို့ဟူးသုပ်သည်)နှင့် စကားလက်ဆုံ၊ တစ်ပတ်စာ အရသာသစ် 'စင်ကာပူစတိုင်လ် ဂျပန်ခေါက်ဆွဲ' ကဏ္ဍသစ်၊ ချစ်ခြင်းကို နည်းနည်းလျှော့၊ မျက်မှောက်စိန်ဈေးကွက်အခြေအနေ ရှုမြင်သုံးသပ် ဆောင်းပါးများနှင့်အတူ ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

ဘားရတ်အိုဘားမားရေး၍ ကိုကို (စက်မှုတက္ကသိုလ်) ဘာသာပြန်ဆိုထားသော 'အဖေ့ဆီက အိပ်မက်များ (၁၃)'၊ 'နေတန်ယာဟုက အိုဘားမားကို အထောက်အကူပြုစေပါလိမ့်မယ်' အရှေ့အလယ်ပိုင်း ကျွမ်းကျင်သူ ဒေးဗစ်ပိုလော့စ်နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ ရာသီဥတုပြောင်းလဲခြင်းကြောင့် ခန့်မှန်းထားသည်ထက် ပိုမိုဆိုးရွားဖွယ်ရှိ၊ စင်ကာပူနိုင်ငံက နိုင်ငံခြားလုပ်သားတို့၏ ကျွမ်းကျင်မှုစံနှင့်ပတ်သက်၍ တင်းကျပ်စွာကိုင်တွယ်၊ ပုံတူမျိုးပွားခြင်းကို ရှေ့ဆောင်ခဲ့သူ ကွယ်လွန်ပြီ၊ ဘင်္ဂလားဒေ့ရှ်မှ လယ်သမားတစ်ဦး ကြွက်သတ် ချန်ပီယံဘွဲ့ဆွတ်ခူး၊ ဗြိတိသျှအဘိဓာန်က ဆယ်ကျော်သက်တို့၏ ဗန်းစကားများနှင့် မျက်ခြည်မပြတ်ရန်ကြိုးစား၊ အမေရိကန်ပြည်ထောင်စုရှိ အခြေခံမူလတန်းကျောင်းတစ်ကျောင်း ဘားရတ်အိုဘားမားကျောင်းအဖြစ် အမည်ပြောင်း၊ အိန္ဒိယကျောင်းဆရာများ စာသင်ချိန်၌ မိုဘိုင်းလ်ဖုန်းပြောဆိုခြင်း တားမြစ်ခံရ စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ် ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e- Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၁၅ရက်က Royal Garden Restaurant ၌ ကျင်းပသော ထားဝယ်အသင်း နှစ်ပတ်လည် အစည်းအဝေးတွင် အတွင်းရေးမှူး ဦးဇော်ဘိုခန့်နှင့် ဒေါ်မာလာဖြူတို့က ငွေကျပ်၃၁၂၈၀၀၀ပေးအပ်လှူဒါန်းရာနာယကဦးအောင်ညွန့် လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (ကြေးမုံ)

နေပြည်တော်မြန်မာ့အသံ

(တနင်္လာနေ့- နံနက်+နေ့လယ်+ည) (၂၃-၂-၂၀၀၉)

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်းကြေညာချက်	၁း၁၀	ပညာရေးအစီအစဉ်(ဘီအီးဒီ- ဘောဂဗေဒတတ်ကျွမ်းမှု)
၇း၁၅	တရားတော်(မေတ္တာသုတ်+ ခန္ဓသုတ်)	၁း၂၀	တေးပဒေသာ
	ဓမ္မပူဇာတေးပဒေသာ	၁း၃၀	အစီအစဉ်ပြီး၏။
၇း၃၀	(၃၈)ဖြာမင်္ဂလာ	၄း၀၀	အဖွင့်တီးလုံး+ ကြေညာချက် ညနေခင်းတေးပဒေသာ
၇း၃၅	နံနက်ခင်းတေးပဒေသာ	၄း၂၀	ဆောင်းပါး (အလိမ္မာကိုယ်မှာရှိသည်)
၈း၀၀	စံတော်ချိန်+သတင်း		
၈း၁၀	နံနက်ခင်းတေးပဒေသာ	၄း၃၀	၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (ရူပဗေဒ)
၉း၀၀	အစီအစဉ်ပြီး၏။		
၁၀း၀၀	အမှတ်တရတေးလက်ဆောင်		
၁၀း၃၀	သတင်းစာအာဘော်	၅း၀၀	သန့်စွမ်းကျန်းမာ ကိုယ်ခန္ဓာ (နားအူခြင်း)
၁၀း၃၅	တေးပဒေသာ		
၁၀း၄၅	လယ်ယာစီးပွား(ဆေးဖက်ဝင် သစ်ခွ ပြည်ပပို့ရအောင်)	၅း၁၀	ဇာနည်စစ်သည်တေးပန်းချီ
		၅း၂၅	သတင်းစာဆောင်းပါး
၁၀း၅၅	တေးသီချင်း	၅း၃၀	ညနေခင်းတေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း	၆း၀၀	ညနေခင်းသတင်း
၁၁း၁၀	မေတို့တွက်တာအလှကမ္ဘာ (နေရောင်ခြည်နှင့်တစ်ကိုယ်ရေ သန့်ရှင်းမှု)	၆း၁၀	တေးချစ်သူရွေးသီ တေးပန်းချီ
		၇း၀၀	နိုင်ငံတကာသတင်း
		၇း၀၅	ရေဒီယိုအတိတ်တေးအရိပ် နိုင်ငံရေးဦးတည်ချက်
၁၁း၂၀	နေ့လယ်ခင်းတေးပဒေသာ		
၁၁း၃၀	သိပ္ပံပညာသိကောင်းစရာ (သိပ္ပံနဲ့နည်းပညာတိုးတက်မှု အကြောင်း)	၇း၂၅	ဟာဒယရွှင်ဆေး (လူရွှင်တော် လေးမောင်နှင့်အဖွဲ့)
		၇း၄၀	တေးပဒေသာ
၁၁း၄၀	တေးပဒေသာ	၈း၀၀	ပြည်တွင်းသတင်း ဟန်မျိုးစုံညီတေးကိုသီ စီးပွားရေးဦးတည်ချက်
၁၂း၀၀	စံတော်ချိန် အလုပ်အကိုင်အခွင့်အလမ်း (ဗဟိုဘဏ်)		
		၈း၅၀	တေးပဒေသာ
၁၂း၁၀	နေ့လယ်ခင်းတေးပဒေသာ	၉း၀၀	သီချင်းကြီး လူမှုရေးဦးတည်ချက်
၁၂း၃၀	အားကစားသတင်းပဒေသာ		
၁၂း၄၀	နေ့လယ်ခင်းတေးပဒေသာ	၉း၃၀	တေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း	၁၀း၀၀	အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများ နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ ၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၄ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့နှင့် အမ်းမြို့တို့တွင် ၅ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်မှာ** မြိတ်မြို့တွင် ၀ ဒသမ ၁၆ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ॥ ॥ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၂၂ ရက် ညနေထိ ခန့်မှန်းချက် ॥ ॥ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ॥ ॥ လှိုင်းအနည်းငယ်မှ အသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ॥ ॥ မြန်မာနိုင်ငံမြောက်ပိုင်းစွန်း ဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။

ဒလမြို့နယ် အမှတ်(၁၁) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်းအစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၃ရက်က ကျင်းပရာ ပထမတန်း ပထမဆုနှင့် ဒုတိယတန်း မြို့နယ်အဆင့် လက်ရေးလှ ထူးချွန်ဆုရ မောင်ဖုန်းသက်ကျော်အား ကျောင်းအုပ်ဆရာကြီး ဦးမျိုးခင် ဆုချီးမြှင့်စဉ်။ (မြို့နယ်စာနယ်ဇင်း)

ဖေဖော်ဝါရီ ၁၄ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် (၁) အခြေခံပညာ မူလတန်းကျောင်း၏ ပညာရည်ချွန် ဆုချီးမြှင့်ပွဲကို ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ထူးချွန်ဆုနှင့် စတုတ္ထတန်း ပညာရည်ချွန် ပထမ ဆုရရှိသူ မောင်စောရန်နောင်တင်သိန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးလှိုင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

တစ်နိုင်ငံလုံး၏ ရော်ဘာစိုက်ဧက ၄၀ ရာခိုင်နှုန်းကျော် စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် မွန်ပြည်နယ်ကို ရော်ဘာပြည်နယ်ဖြစ်စေရေး ရည်မှန်းဆောင်ရွက်နေ

သတင်းဆောင်းပါး
မောင်မောင်ထွေး(သတင်းစဉ်)
ဓာတ်ပုံ
လှမိုး(သတင်းစဉ်)

ကျွန်တော်တို့သတင်းအဖွဲ့ဟာ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက မွန်ပြည်နယ်သို့ ရောက်ရှိစဉ်အတွင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကို သွားရောက်လေ့လာခဲ့ပါတယ်။

အင်္ဂလိပ်အမည် Rubber ကို မြန်မာလိုတိုက်ရိုက် ရော်ဘာလို့သာ ခေါ်ဝေါ်ခဲ့ကြပေမယ့် ရုက္ခဗေဒအမည်အားဖြင့်ကတော့ Hevea-brasiliensis ဖြစ်ပါတယ်။ မျိုးရင်းက Euphor biaceae ဖြစ်ပြီး မူရင်းဒေသကတော့ တောင်အမေရိကတိုက်ရှိ ဘရားဇီးနိုင်ငံရဲ့ အမေဇုန်မြစ်ဝှမ်းကဖြစ်တယ်လို့ ပညာရှင်များက သတ်မှတ်ခဲ့ကြပါတယ်။

မြန်မာနိုင်ငံကို ၁၈၇၆ ခုနှစ်ခန့်က စတင်ရောက်ရှိပြီး တနင်္သာရီတိုင်း မြိတ်မြို့ကို စတင်ရောက်ရှိခဲ့တယ်လို့ မှတ်တမ်းများအရ သိရပါတယ်။ စီးပွားဖြစ်အနေနဲ့ကတော့ ၁၉၀၅ ခုနှစ်ကျမှသာ စိုက်ပျိုးနိုင်ခဲ့တယ်လို့ ထပ်ဆင့်သိရပြန်ပါတယ်။

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရှိ ကျိုက္ကဒတ်ရော်ဘာခြံကတော့ ၁၉၀၂ ခုနှစ်ကတည်းက အစောဆုံး စတင်စိုက်ပျိုးခဲ့တယ်လို့ သိရပါတယ်။

ဒါကြောင့် ရေခံမြေခံအစဉ်အလာရှိခဲ့တဲ့ မွန်ပြည်နယ်ကို ရော်ဘာပြည်နယ်ဖြစ်စေရေးအတွက် နိုင်ငံတော်က အဘက်ဘက်မှ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပါတယ်။

၁၉၈၈ ခုနှစ်မတိုင်မီက ရော်ဘာ ၇၆၆၀၇ ဧကသာ စိုက်ပျိုးနိုင်ခဲ့ရာမှ ယခု ၂၀၀၈-၂၀၀၉ ခုနှစ်မှာ ၄၀၇၈၇၉ ဧကအထိ တိုးတက်စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ပါတယ်။ တစ်နှစ်သားနဲ့ နှစ်နှစ်သား ရော်ဘာပင်တန်းကြားများမှာ ဝင်ငွေရ ကြားသီးနှံ ဧက ၃၀၂၂၀ ကိုလည်း စိုက်ပျိုးနိုင်ခဲ့ပါတယ်။

တစ်နိုင်ငံလုံး ရော်ဘာစိုက်ဧကရဲ့ ၄၀ ဒသမ ၄၂ ရာခိုင်နှုန်း၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ▲



ရော်ဘာပျိုးခင်း

ရော်ဘာသုတေသနနှင့် မျိုးပွားခြံ၌ ရော်ဘာပျိုးပင်များကို ပျိုးထောင်ထားစဉ်။ (အပေါ်ပုံ)**နှင့် ရော်ဘာသစ်ဖြင့် ပြုလုပ်ထားသည့် ကုန်ချောပစ္စည်းများကို တွေ့ရစဉ်။** (ဝဲပုံ)

ဓာတ်ပုံစာမျက်နှာအညွှန်း

လောကနန္ဒာ မြစ်ရေတင်စက်

နိုင်ငံတော်အနေဖြင့် နိုင်ငံနှင့် ဒေသခံ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သော စိုက်ပျိုးရေရရှိရန် နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးတိုင်းအတွင်းရှိ မြစ်ရေတင် စီမံကိန်းလုပ်ငန်းများ ၇၅ ခု ရှိသည့်အနက် ညောင်ဦးမြို့နယ်မှ လောကနန္ဒာ မြစ်ရေတင်စက်ကို တွေ့ရစဉ်။

အင်တာနက် ဘူမိသိပ္ပံသတင်း

ပင်လယ်ရေအောက် လျှင်ပြတ်ရွေ့ကြောကို နိုင်ငံတကာသိပ္ပံပညာရှင်များ လေ့လာ

ဘာသာပြန် - တက်လူ

ချီကာဂို ဖေဖော်ဝါရီ ၂၁

ကမ္ဘာပေါ်တွင် အင်အားပြင်းထန်သော မြေငလျင်ကြီးများ လှုပ်နိုင်သည့် နေရာဒေသများနှင့် ယင်းမြေငလျင်များ လှုပ်မည့်အချိန်တို့ကို သိရှိနိုင်ရန် နိုင်ငံတကာသိပ္ပံပညာရှင်များ အဖွဲ့တစ်ဖွဲ့သည် ပင်လယ်ရေအောက်ရှိ မြေငလျင်ပြတ်ရွေ့ကြောတစ်ကြောကို ပထမဆုံးအကြိမ် လေ့လာလျက်ရှိကြကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဘူမိဗေဒသိပ္ပံပညာရှင်များသည် ဂျပန်နိုင်ငံအနောက်တောင်ပိုင်းရှိ နန်ကိုင်းမြေငလျင်ဇုန်တွင် လေ့လာလျက်ရှိကြကြောင်း၊ အမေရိကန်နိုင်ငံ ဝစ္စကွန်ဆင်တက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဟာရိုးလ်တော်ဘင်က ချီကာဂိုမြို့၌ကျင်းပသော သိပ္ပံနှင့်နည်းပညာတိုးတက်ရေးအသင်း၏ နှစ်ပတ်လည် ညီလာခံတွင် ပြောကြားသည်။

မြေငလျင်များဖြစ်ပေါ်စေသော ကမ္ဘာ့တက်တိုးနစ် ကျောက်ချပ်လွှာကြီးများ၏ သဘောသဘာဝကို လေ့လာနိုင်ရန် ဂျပန်နိုင်ငံ ကမ်းရိုးတန်း ကမ်းလွန်ဒေသတွင် ပင်လယ်ရေအောက် တူးဖော်လေ့လာလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

ပင်လယ်ရေအောက် မြေငလျင်ကြောဖြစ်တည်ရာ ကမ္ဘာ့ကျောက်လွှာများကို လေ့လာရန် ဆယ်စုနှစ်နှင့်ချီကြာမြင့်မည့် စီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော်လျက်ရှိရာ ဒုတိယနှစ်အတွင်းသို့ ဝင်ရောက်လာပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သိပ္ပံပညာရှင်များသည် ကမ္ဘာ့အပေါ်ယံကျောက်လွှာ၏ ငလျင်ပြတ်ရွေ့ကြောများကို ပိုမိုသိရှိနိုင်စေရန် ကာလီဖိုးနီးယားကမ်းရိုးတန်းရှိ ဆန်အင်းဒရီးယက်စ် ပြတ်ရွေ့ကြောဇုန်နယ်မြေတွင် တူးဖော်လေ့လာလျက်ရှိကြောင်း ဟာရိုးလ်တော်ဘင်က ပြောကြားသည်။

ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းတွင် မြေငလျင်သုတေသနလုပ်ငန်းကို လုပ်ကိုင်ခြင်းဖြင့် မြေငလျင်လှုပ်မည့်အခြေအနေကို ကြိုတင်ဟောကိန်းထုတ်နိုင်ရန် သိပ္ပံပညာရှင်များ မျှော်လင့်လျက်ရှိကြသည်။

အင်တာနက်။